မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

အမှတ် ၁၄ ] ရန်ကုန်မြို့ { ၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၅ ရက် ( ၂၀၁၄ ခုနှစ်၊ ဧပြီလ ၄ ရက် ) } သောကြာနေ့ [ အတွဲ ၆၇

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၁၇/၂၀၁၄**

၁၃၇၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်

( ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက် )

**အမျိုးသားကျန်းမာရေးကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၁ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၁၁) ဖြင့် ဖွဲ့စည်းခဲ့သော **“အမျိုးသားကျန်းမာရေးကော်မတီ”** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည် -

| | | |
|---|---|---|
| (၁) | ဒေါက်တာစိုင်းမောက်ခမ်း<br>ဒုတိယသမ္မတ | ဥက္ကဋ္ဌ |
| (၂) | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (၃) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ဒုတိယဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (၅) | ဒုတိယဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ဒုတိယဝန်ကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | ဒုတိယဝန်ကြီး<br>အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၉) | ဒုတိယဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၀) | ဒုတိယဝန်ကြီး<br>အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၁) | ဒုတိယဝန်ကြီး<br>အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၂) | ဒုတိယဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၃) | ဒုတိယဝန်ကြီး<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၄) | ကောင်စီဝင်<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (၁၅) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံကြက်ခြေနီအသင်း | အဖွဲ့ဝင် |
| (၁၆) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း | အဖွဲ့ဝင် |
| (၁၇) | ဒုတိယဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (၁၈) | ညွှန်ကြားရေးမှူးချုပ်<br>ကျန်းမာရေးစီမံကိန်းဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် (၆/၂၀၁၄)**

၁၃၇၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁ ရက်

( ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက် )

**လာဘ်ပေးလာဘ်ယူမှုပပျောက်ရေးကော်မရှင် ဖွဲ့စည်းခြင်း**

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ**ပုဒ်မ ၇ နှင့် ပုဒ်မ ၉၊ ပုဒ်မ ၁၀ တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ပါပုဂ္ဂိုလ်များကို ယှဉ်တွဲပါရာထူးနေရာများတွင် ခန့်အပ်၍ **လာဘ်ပေးလာဘ်ယူမှုပပျောက်ရေး ကော်မရှင်**အား ဖွဲ့စည်းတာဝန်ပေးလိုက်သည် -

(၁) ဦးမြဝင်း ဥက္ကဋ္ဌ
စစ်မှုထမ်း (အငြိမ်းစား)

(၂) ဦးကျော်ကျော် အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား၊ နိုင်ငံခြားရေးဝန်ကြီးဌာန)

(၃) ဦးစိုးတင့် အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (အငြိမ်းစား၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး)

(၄) ဦးသန်းအောင် အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (အငြိမ်းစား၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)

(၅) ဦးမောင်ရှိန် အဖွဲ့ဝင်
စစ်မှုထမ်း (အငြိမ်းစား)

(၆) ဒေါက်တာတိုက်စံ အဖွဲ့ဝင်
ပါမောက္ခ (အငြိမ်းစား၊ တပ်မတော်နည်းပညာတက္ကသိုလ်)

(၇) ဦးနေဝင်း အဖွဲ့ဝင်
သံအမတ်ကြီး (အငြိမ်းစား)

(၈) ဒေါ်မြတ်မြတ်စိုး အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား၊ အမျိုးသားစီမံကိန်းနှင့်
စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)

(၉) ဦးသင်းမောင် အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (အငြိမ်းစား၊ အမျိုးသားစီမံကိန်းနှင့်
စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)

(၁၀) ဦးဆွန်ဒုတ်ကျင့် အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး (အငြိမ်းစား၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)

(၁၁) ဒေါက်တာညီညီထွန်း အဖွဲ့ဝင်
တိရစ္ဆာန်ဆေးကုဆရာဝန် (အငြိမ်းစား၊
မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန)

(၁၂) ဦးကျော်မြင့် အဖွဲ့ဝင်
စစ်မှုထမ်း (အငြိမ်းစား)

(၁၃) ဒေါ်သန်းသန်းရီ — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (အငြိမ်းစား)၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး)

(၁၄) ဦးအောင်လှိုင်စိုး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (အငြိမ်းစား)၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး)

(၁၅) ဦးတင်ဦး — အတွင်းရေးမှူး
သံအမတ်ကြီး (အငြိမ်းစား)

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**[ ယခင်အပတ် ပြည်ထောင်စုလွှတ်တော်ရုံး၊ အမိန့်ကြော်ငြာစာအမှတ် (၂၅/၂၀၁၄)၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဥပဒေ (မူကြမ်း) မှအဆက် ]**

၁၂။ (က) ပုဂ္ဂိုလ်တစ်ဦးကို အဖွဲ့ဝင်အဖြစ်မခန့်ထားမီ ထိုပုဂ္ဂိုလ်မှာ အဖွဲ့ဝင်အဖြစ် မိမိအလုပ်ဝတ္တရားများ ဆောင်ရွက်ခြင်းကို ထိခိုက်ဖွယ်ရှိသည့် ငွေရေးကြေးရေးအကျိုးသက်ဆိုင်ခွင့် သို့မဟုတ် အခြား အကျိုးသက်ဆိုင်ခွင့်ရှိမည်မဟုတ်ဟု ပြည်ထောင်စုဝန်ကြီးက ကျေနပ်ရမည့်သူ ဖြစ်ရမည်။

(ခ) စီမံခန့်ခွဲရေးအဖွဲ့က ပြုလုပ်သည့် သို့မဟုတ် ပြုလုပ်ရန်ကြံရွယ်သည့် ပဋိညာဉ်တွင်သော်လည်းကောင်း၊ ရောင်းမှု သို့မဟုတ် ဝယ်မှုတစ်ခုခုတွင်သော်လည်းကောင်း တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တစ်နည်းနည်းဖြင့် အကျိုးသက်ဆိုင်သည့် အဖွဲ့ဝင်သည် မိမိမည်သို့ အကျိုးသက်ဆိုင်ကြောင်းကို အဖွဲ့အစည်းအဝေးတွင် ထုတ်ဖော်ပြောဆိုရမည်။

(ဂ) ဥက္ကဋ္ဌမှတစ်ပါး အခြားအဖွဲ့ဝင်တစ်ဦးဦးမှာ အကျိုးသက်ဆိုင်ခွင့် ရှိ မရှိ ဆုံးဖြတ်ရန် အကြောင်း ပေါ်ပေါက်လျှင် ဥက္ကဋ္ဌ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်သည်။ ဥက္ကဋ္ဌနှင့် ပတ်သက်၍ ယင်းအကြောင်းတစ်ရပ် ပေါ်ပေါက်လျှင် ပြည်ထောင်စုဝန်ကြီး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်သည်။

၁၃။ ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးသည် သတ်မှတ်ထားသည့် အကြောင်းတစ်ရပ်ရပ်နှင့်ငြိစွန်းကြောင်း တွေ့ရှိသည့်အခါ ပြည်ထောင်စုဝန်ကြီးသည် ယင်းဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်အား ရာထူးမှ နုတ်ထွက်ရန် ညွှန်ကြားနိုင်သည်။ ညွှန်ကြားသည့်အတိုင်း လိုက်နာခြင်းမပြုလျှင် တာဝန်မှရပ်စဲရမည်။

၁၄။ ဥက္ကဋ္ဌသည် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ သင့်လျော်သော ဝန်ထမ်းတစ်ဦးဦးအား စီမံခန့်ခွဲရေး အဖွဲ့၏ အတွင်းရေးမှူးအဖြစ် ခန့်ထားရမည်။ စီမံခန့်ခွဲရေးအဖွဲ့၏ အတွင်းရေးမှူးသည် စီမံခန့်ခွဲရေးအဖွဲ့ အစည်းအဝေးများ၌ ပါဝင်ဆွေးနွေးပိုင်ခွင့်၊ ဆန္ဒမဲပေးနိုင်ခွင့်များ မရှိစေရ။ စီမံခန့်ခွဲရေးအဖွဲ့၏ ရုံးလုပ်ငန်း တာဝန်များကိုသာ ထမ်းဆောင်ရမည်။

၁၅။ စီမံခန့်ခွဲရေးအဖွဲ့ အစည်းအဝေးသို့ အဖွဲ့ဝင်ဦးရေ၏ ၇၅ ရာခိုင်နှုန်း တက်ရောက်ပါက အစည်းအဝေး အထမြောက်သည်။ သတ်မှတ်ဦးရေမတက်ရောက်ပါက အစည်းအဝေးကို သင့်လျော်သောနေ့ရက်သို့ ရွှေ့ဆိုင်းရမည်။

၁၆။ အစည်းအဝေးသို့တင်ပြသည့် ကိစ္စရပ်များအားလုံးကို အစည်းအဝေးသို့ တက်ရောက်လာသည့် အဖွဲ့ဝင်များအနက် အများစု၏မဲဆန္ဒဖြင့် ဆုံးဖြတ်ဆောင်ရွက်ရမည်။

## အခန်း (၆)
## စီမံခန့်ခွဲရေးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၇။ စီမံခန့်ခွဲရေးအဖွဲ့၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နိုင်ငံပိုင်ပစ္စည်းများနှင့် ဘဏ္ဍာငွေများကို အလေအလွင့်၊ အဆုံးအရှုံး၊ အပျက်အစီး၊ အပျောက်အရှ အနည်းဆုံးဖြစ်အောင် ထိန်းသိမ်းခြင်း၊

(ခ) ဝင်ငွေတိုးတက်စေရေးအတွက် ဝန်ဆောင်မှုစရိတ်ကို ကျဆင်းစေသော နည်းလမ်းများဖြင့်သော် လည်းကောင်း၊ ဝန်ဆောင်မှုစွမ်းအားတိုးတက်စေသောနည်းလမ်းများဖြင့်သော်လည်းကောင်း အကျိုးအမြတ်တိုးတက်ရရှိအောင် ဆောင်ရွက်ခြင်း၊

(ဂ) ဝန်ကြီးဌာနက သတ်မှတ်ပေးထားသောလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဃ) သက်ဆိုင်ရာဥပဒေများကို လိုက်နာစောင့်ထိန်းခြင်း၊

(င) လုပ်ငန်းစီမံကိန်းများကို ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်အကောင်အထည်ဖော်ခြင်း၊

(စ) နိုင်ငံတော်က ချမှတ်ပေးထားသော ငွေကြေးသုံးစွဲမှုဆိုင်ရာဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာကျင့်သုံးခြင်း၊

(ဆ) ဝန်ကြီးဌာန၏ စီမံကိန်းရည်မှန်းချက်များကို အတတ်နိုင်ဆုံး ပြည့်စွမ်းအကောင်အထည်ဖော်ခြင်း၊

(ဇ) ဝန်ထမ်းများ၏ ရပိုင်ခွင့်များရရှိစေရေးအတွက် ကူညီစောင့်ရှောက်ခြင်း၊

(ဈ) ပြည်တွင်းရေကြောင်းပို့ဆောင်ရေးလုပ်ငန်းများ အောင်မြင်ရေးနှင့် ဆုံးရှုံးမှုများမရှိစေရေးအတွက် စီမံခန့်ခွဲရေးအဖွဲ့၊ စက်ရုံ၊ အလုပ်ရုံ၊ ဌာန၊ ဌာနခွဲများ၏ တာဝန်ခံဝန်ထမ်းများက တာဝန်ခံ ဆောင်ရွက်ခြင်း။

၁၈။ စီမံခန့်ခွဲရေးအဖွဲ့၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအမည်ဖြင့် ဘဏ်ငွေစာရင်းအမျိုးမျိုး သီးခြားစီခွဲခြား၍ ဖွင့်လှစ် ထားပိုင်ခွင့်ရှိသည်။

(ခ) ဝန်ကြီးဌာနက သတ်မှတ်ထားရှိသည့် စည်းကမ်းချက်များနှင့်အညီ ပြည်တွင်းပြည်ပမှ ငွေချေးယူ ခွင့်နှင့် ငွေထုတ်ချေးခွင့်ရှိသည်။

(ဂ) ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနှင့်အညီ သတ်မှတ်ထားရှိသော ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ ရန်ပုံငွေကို စီမံခန့်ခွဲပိုင်ခွင့်ရှိသည်။

(ဃ) လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးနိုင်သည်။

(င) ကိစ္စတစ်ခုခုနှင့်စပ်လျဉ်း၍ အဖွဲ့အား အကြံဉာဏ်ပေးရန် ပုဂ္ဂိုလ်တစ်ဦးဦးကို ခန့်ထား၍ သို့မဟုတ် အမည်တင်သွင်းခန့်ထား၍ ထိုပုဂ္ဂိုလ်အား ပြည်ထောင်စုဝန်ကြီးက ပြဋ္ဌာန်းသည့် အခများနှင့် စရိတ်ကြေးငွေများ ပေးနိုင်သည်။

(စ) တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းများနှင့်အညီ ဝန်ထမ်းများကို ခန့်ထားပိုင်ခွင့်၊ တာဝန် ပေးပိုင်ခွင့်၊ ရာထူးတိုးမြှင့်ပေးပိုင်ခွင့်၊ အရေးယူအပြစ်ပေးပိုင်ခွင့်၊ ထုတ်ပယ်ပိုင်ခွင့်၊ ခွင့်နှင့် ပင်စင် ပေးပိုင်ခွင့် ရှိသည်။

(ဆ) မိမိနှင့်အစိုးရအဖွဲ့အစည်းများ၊ ပြင်ပပုဂ္ဂလိကအဖွဲ့အစည်းများအကြား လုပ်ငန်းသဘောတူစာချုပ်များ ချုပ်ဆိုခြင်း၊ အခြားစာချုပ်များချုပ်ဆိုရာတွင် စီမံခန့်ခွဲရေးအဖွဲ့က အခွင့်အာဏာပေးအပ်ထားသည့် အရာရှိကဖြစ်စေ လက်မှတ်ရေးထိုး၍ သတ်မှတ်ထားသည့် ရုံးတံဆိပ်ရိုက်နှိပ်ရမည်။

## အခန်း (၇)

## ဘဏ္ဍာရေး၊ ငွေရေးကြေးရေးနှင့် စာရင်းများ

၁၉။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် သင့်လျော်သောဘဏ်တွင် ကျပ်ငွေနှင့် နိုင်ငံခြားငွေစာရင်းများကို သီးခြားစာရင်းဖွင့်လှစ်ထားရှိ သုံးစွဲပိုင်ခွင့်ရှိသည်။

၂၀။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် မိမိလက်အောက်ရှိ လုပ်ငန်းအုပ်စုအလိုက်လည်းကောင်း၊ လုပ်ငန်းတစ်ခုချင်းအလိုက်လည်းကောင်း သီးခြားငွေစာရင်းများ ဖွင့်လှစ်ထားခွင့်ရှိသည်။

၂၁။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ ရန်ပုံငွေများကို စီမံခန့်ခွဲရေးအဖွဲ့က အောက်ပါအတိုင်း စီမံခန့်ခွဲရမည် -

(က) စီးပွားရေးအဖွဲ့အစည်းများအတွက် ဘဏ္ဍာရေးဝန်ကြီးဌာနမှ သတ်မှတ်ပြဋ္ဌာန်းထားသည့် ဘဏ္ဍာရေးဆိုင်ရာဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့် ဝန်ကြီးဌာနက သတ်မှတ်ထားသည့် ဘဏ္ဍာရေးဆိုင်ရာစည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း၊

(ခ) ပြည်တွင်းရေကြောင်းပို့ဆောင်ရေးကို တိုက်ရိုက်ဖြစ်စေ၊ ကိုယ်စားလှယ်များမှတစ်ဆင့်ဖြစ်စေ လုပ်ကိုင်ရာ၌ ကုန်ကျသည့်စရိတ်များအပြင် အကြောင်းအားလျော်စွာကုန်ကျသည့် အခြားအခကြေးငွေနှင့် စရိတ်များကို ကျခံခြင်း၊

(ဂ) ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ အမှုထမ်းရွက်ဆဲအရာထမ်း၊ အမှုထမ်းများနှင့် တာဝန်ထမ်းဆောင်ခဲ့သည့် ဝန်ထမ်းများ၊ အကြံပေးများ၊ ဝန်ထမ်းကိုယ်စားလှယ်များနှင့် အရာရှိများ၏ လစာငွေများ၊ အခကြေးငွေများ၊ ချီးမြှင့်ငွေများ၊ အငြိမ်းစားလစာများ၊ နှစ်ပြည့်အငြိမ်းစားလစာခံစားခွင့်၊ လုပ်သက်ဆုငွေများအတွက် ကုန်ကျစရိတ်များကို ကျခံခြင်း၊

(ဃ) ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် လိုအပ်သော သာမန်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်များအား သင့်လျော်သည့် ပြည်တွင်းပြည်ပဘဏ်များမှ ချေးယူသုံးစွဲခြင်း၊ တာဝန်ယူပြန်လည်ပေးဆပ်ခြင်း၊

(င) မိမိ၏ဝန်ထမ်းများအတွက် ပင်စင်ရန်ပုံငွေကို သီးခြားထားရှိခြင်း။

၂၂။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် နှစ်စဉ်ရရှိသည့် အမြတ်ငွေပေါ်မူတည်၍ ထည့်ဝင်ငွေကို ပေးသွင်းပြီးနောက် ကျန်သည့် အသားတင်အမြတ်ကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အောက်ပါအတိုင်း ငွေစာရင်းများ ခွဲဝေထားရှိရမည် -

(က) ဆုကြေးရန်ပုံငွေ

(ခ) သက်သာချောင်ချိရေးရန်ပုံငွေ

(ဂ) ဖွံ့ဖြိုးမှုရန်ပုံငွေ

(ဃ) တန်ဖိုးယုတ်လျော့မှုရန်ပုံငွေ

(င) လျှည့်ပတ်ရန်ပုံငွေ

(စ) အခြားလိုအပ်သောရန်ပုံငွေ

၂၃။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် စာရင်းစစ်ဆေးချက်နှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့က ဆင့်ဆိုသည့် ကာလအပိုင်းအခြားများအတွက် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ ငွေစာရင်းရှင်းတမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့ထံ ပေးပို့ရမည်။

၂၄။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် ရာနှုန်းပြည့်နိုင်ငံပိုင်ဖြစ်ပြီး နိုင်ငံတော်၏ အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် အရေးပေါ် ကိစ္စရပ်များတွင် ငွေကြေးအကျိုးအမြတ်မယူဘဲ ဆောင်ရွက်ပေးလျက်ရှိသည့် အတွက် သင့်လျော်သည့် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ရရှိရေး ပြည်ထောင်စုအစိုးရအဖွဲ့ သို့မဟုတ် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ အကျိုးအကြောင်းပြည့်စုံစွာဖြင့် ခွင့်ပြုချက် လျှောက်ထားတောင်းခံ နိုင်သည်။

၂၅။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးတွင် ထိရောက်သည့် စစ်ဆေးကြပ်မတ်မှုရှိစေရန် ဌာနတွင်း စာရင်းစစ်အဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရမည်။

၂၆။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် အောက်ပါစာရင်းများကို ဝန်ကြီးဌာနမှ ညွှန်ကြားသည့် အတိုင်း တင်ပြရမည် -

(က) ငွေသားအခြေအနေ

(ခ) လက်ကျန်ရှင်းတမ်း

(ဂ) အရှုံး၊ အမြတ်စာရင်း

(ဃ) ဝန်ထမ်းအင်အားစာရင်း

(င) ကုန်ပစ္စည်းထုတ်လုပ်သည့်၊ ရောင်းဝယ်သည့် သို့မဟုတ် ဝန်ဆောင်သည့်စာရင်း

၂၇။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် ဝန်ကြီးဌာနအောက်ရှိ စီးပွားရေးအဖွဲ့အစည်းများအကြား ငွေကြေးဆိုင်ရာအပြန်အလှန်အကူအညီပေးခြင်းများအား ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဆောင်ရွက် ရမည်။

၂၈။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက အသိအမှတ်ပြုသော စာရင်းစစ်အဖွဲ့ထံ အပ်နှံ၍ စစ်ဆေးခံရမည်။

၂၉။ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတစ်ခုက မိမိ၏အသားတင်ဝင်ငွေပေါ်တွင် အခွန်များပေးဆောင်ရသည့် နည်းလမ်းအတိုင်း ထိုနိုင်ငံပိုင်စီးပွားရေး၌ အခွန်ပေးဆောင်ရန် တာဝန်ရှိသည်နှင့်အညီ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးသည် မိမိ၏အသားတင်ဝင်ငွေပေါ်တွင် အခွန်များ ပေးဆောင်ရန် တာဝန်ရှိသည်။

၃၀။ ဤဥပဒေမတည်မီ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးက ပြည်ထောင်စုအစိုးရအဖွဲ့အပေါ်တွင် ရရန်၊ ပေးရန်ရှိသည့် ငွေကြေးများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး တို့အကြား စေ့စပ်ညှိနှိုင်းမှုပြုလုပ်ရမည်။

## အခန်း (၈)

## တားမြစ်ချက်များ

၃၁။ တည်ဆဲအခြားတရားဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ မည်သူမျှ အောက်ဖော်ပြပါ တားမြစ်ချက် များကို ဖောက်ဖျက်ကျူးလွန်ခြင်း မပြုရ -

(က) သင်္ဘောခ ပေးဆောင်ခြင်းမှလွတ်ကင်းရန် ရည်ရွယ်ချက်ဖြင့် အသုံးပြုပြီး လက်မှတ်ဟောင်းကို သုံးစွဲ၍ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင်သင်္ဘောတွင် စီးနင်းလိုက်ပါခြင်း သို့မဟုတ် သင်္ဘောခ ကြိုတင်ပေးဆောင်ခြင်းမပြုဘဲ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင်သင်္ဘောတွင် စီးနင်း လိုက်ပါခြင်း၊ စီးနင်းလိုက်ပါရန် ကြိုးစားအားထုတ်ခြင်း၊

(ခ) ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင်သင်္ဘောတွင် ခရီးတစ်ခုအတွက် လက်မှတ်ဝယ်ယူ စီးနင်း လိုက်ပါပြီးနောက် အဆိုပါခရီးကို ကျော်လွန်ကြောင်းသိလျက်နှင့် ထိုကျော်လွန်သည့်ခရီးအတွက်

နောက်ထပ်သဘော်ာခပေးဆောင်ခြင်းမှ လွတ်ကင်းရန် ရည်ရွယ်ချက်ဖြင့် နောက်ထပ်သဘော်ာခကြိုတင်ပေးဆောင်ခြင်းမပြုဘဲ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင်သဘော်ာတွင် တမင်ဆက်လက်စီးနင်းလိုက်ပါခြင်း သို့မဟုတ် စီးနင်းလိုက်ပါရန် ကြိုးစားအားထုတ်ခြင်း၊

(ဂ) ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင်သဘော်ာတွင် ခရီးတစ်ခုအတွက် လက်မှတ်ဝယ်ယူစီးနင်းလိုက်ပါပြီးနောက် အဆိုပါခရီးသို့ ရောက်ရှိကြောင်းသိလျက်နှင့် သဘော်ာမှထွက်ခွာရန် တမင်ပျက်ကွက်ခြင်း သို့မဟုတ် ငြင်းဆန်ခြင်း၊

(ဃ) လူနှင့်အတူ ယူဆောင်လာသော ပစ္စည်းများအတွက် တန်ဆာခပေးဆောင်ခြင်းမှ လွတ်ကင်းရန် ရည်ရွယ်ချက်ဖြင့် ကျသင့်သောတန်ဆာခကို လုံးဝပေးဆောင်ခြင်းမပြုဘဲ သို့မဟုတ် ကျသင့်သောတန်ဆာခကို အပြည့်ပေးဆောင်ခြင်းမပြုဘဲ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင်သဘော်ာတွင် လူနှင့်အတူ ပစ္စည်းများသယ်ဆောင်ခြင်း သို့မဟုတ် တင်ဆောင်ရန် ကြိုးစားအားထုတ်ခြင်း၊

(င) အမှန်တကယ်ကျသင့်သော သဘော်ာခကို ပေးဆောင်ခြင်းမှ လွတ်ကင်းရန် ရည်ရွယ်ချက်ဖြင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင်သဘော်ာတွင် သဘော်ာနေရာအဆင့်အတန်းတစ်ခုအတွက် သဘော်ာခပေးဆောင်လျက် ထိုနေရာအဆင့်အတန်းထက်မြင့်သော သီးသန့်နေရာတွင် သို့မဟုတ် အခန်းတွင် စီးနင်းလိုက်ပါခြင်း၊

(စ) ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင်သဘော်ာတွင် စီးနင်းလိုက်ပါလျက် သဘော်ာ၏ အရာထမ်း၊ အမှုထမ်းများက သဘော်ာလက်မှတ် ဝယ်ယူရန်စေခိုင်းသော်လည်း သဘော်ာလက်မှတ်မဝယ်ယူလျှင် သို့မဟုတ် သဘော်ာလက်မှတ်ထုတ်ပြရန် စေခိုင်းသော်လည်း သဘော်ာလက်မှတ်ထုတ်မပြခြင်း သို့မဟုတ် ခရီးဆုံးတွင် သဘော်ာလက်မှတ် ပြန်အပ်ရန် တောင်းဆိုသော်လည်း သဘော်ာလက်မှတ် ပြန်မအပ်ခြင်း၊

(ဆ) ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင်သဘော်ာတွင် စီးနင်းလိုက်ပါသောသူတစ်ဦးအတွက် ကျသင့်သော သဘော်ာခကို ပေးဆောင်ခြင်းမှ လွတ်ကင်းစေရန် ရည်ရွယ်ချက်ဖြင့် လက်မှတ်စစ်အား လိမ်လည်ပြသနိုင်စေခြင်းအလို့ငှာ မိမိ၏လက်မှတ်ကို ထိုသူအား လွှဲပြောင်းပေးခြင်း၊

(ဇ) ကုန်တင်ခပေးဆောင်ခြင်းမှ လုံးဝလွတ်ကင်းရန် ရည်ရွယ်ချက်ဖြင့်ဖြစ်စေ၊ ကုန်တင်ခအပြည့်ပေးဆောင်ခြင်းမှ လွတ်ကင်းရန် ရည်ရွယ်ချက်ဖြင့်ဖြစ်စေ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင်သဘော်ာပေါ်တွင် မတရားသောနည်းဖြင့် ကုန်ပစ္စည်းများတင်ဆောင်ခြင်း သို့မဟုတ် တင်ဆောင်ရန် ကြိုးစားအားထုတ်ခြင်း၊

(ဈ) ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင်သဘော်ာတွင် အသုံးပြုသော လူစီးလက်မှတ်များကိုဖြစ်စေ၊ တန်ဆာလက်မှတ်များကိုဖြစ်စေ၊ အခြားသောလက်မှတ်ကို သို့မဟုတ် ပုံစံများကိုဖြစ်စေ၊ မတရားသဖြင့် အစားထိုးအသုံးပြုရန် ရည်ရွယ်ချက်ဖြင့် အတုပြုလုပ်ခြင်း သို့မဟုတ် အတုပြုလုပ်ရန် ကြိုးစားအားထုတ်ခြင်း သို့မဟုတ် အဆိုပါ အတုလက်မှတ်များကိုဖြစ်စေ၊ ပုံစံများကိုဖြစ်စေ ထိန်းသိမ်းထားခြင်း သို့မဟုတ် ရောင်းဝယ်ခြင်း၊

(ည) ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင်သဘော်ာပေါ်တွင် ခရီးသည်အတွက်နေရာကို တစ်နည်းနည်းဖြင့် ရယူလျက် ထိုနေရာအား အဖိုးအခဖြင့် ရောင်းရန်ကြိုးစားခြင်း သို့မဟုတ် လူစီးလက်မှတ်ကို အကျိုးအမြတ်ရယူ၍ တစ်ဆင့်ပြန်လည်ရောင်းချခြင်း၊

(ဋ) ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင်သဘော်ာပေါ်ရှိ ရေယာဉ်သုံးပစ္စည်းကိုဖြစ်စေ၊ ရေယာဉ်အစိတ်အပိုင်းကိုဖြစ်စေ၊ ပျက်စီးစေခြင်း၊ မရိုးမဖြောင့်သောသဘောဖြင့် ရယူခြင်း သို့မဟုတ် အားထုတ်ခြင်း။

## အခန်း (၉)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၃၂။ မည်သူမဆို ပုဒ်မ ၃၂ တွင် ဖော်ပြထားသော ပုဒ်မခွဲပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း သို့မဟုတ် ကျူးလွန်ရန် ကြိုးစားအားထုတ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အောက်ပါ ပြစ်ဒဏ်များ ချမှတ်ရမည် -

(က) ပုဒ်မ ၃၂၊ ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ)၊ (ဃ)၊ (င)၊ (စ)၊ (ဆ)၊ (ဇ)နှင့် (ည) တို့ပါ တားမြစ်ချက်များကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် အနည်းဆုံး ဒဏ်ငွေနှစ်သောင်းမှ အများဆုံး ဒဏ်ငွေတစ်သိန်း ပေးဆောင်စေရန်နှင့် မပေးဆောင်နိုင်က အနည်းဆုံး ထောင်ဒဏ်တစ်လမှ အများဆုံး ထောင်ဒဏ်သုံးလ ကျခံစေသည့်ပြစ်ဒဏ် ချမှတ်ရမည်။

(ခ) ပုဒ်မ ၃၂၊ ပုဒ်မခွဲ (ဠ) ပါ တားမြစ်ချက်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသောင်းထက်မပိုသော ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည်။

(ဂ) ပုဒ်မ ၃၂၊ ပုဒ်မခွဲ (ဈ) ပါ တားမြစ်ချက်များကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည်။

၃၃။ ဤပုဒ်မ ၃၂ အရ ကျူးလွန်သော ပြစ်မှုများကို ရဲအရေးပိုင်သောပြစ်မှုများအဖြစ် မှတ်ယူရမည်။

## အခန်း (၁၀)
## ဆုကြေးငွေချီးမြှင့်ခြင်း

၃၄။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် မိမိ၏ စီမံကိန်းလျာထားချက်အတိုင်း အကောင်အထည် ဖော်နိုင်ရမည်။ ယင်းသို့ အကောင်အထည်ဖော်ရာ၌ သတ်မှတ်ထားသော လုပ်ငန်းကုန်ကျစရိတ်နှင့် ဝင်ငွေ အချိုးအတိုင်းသော်လည်းကောင်း၊ ယင်းအချိုးထက် ပိုမိုကောင်းမွန်အောင်ဆောင်ရွက်နိုင်လျှင်သော် လည်းကောင်း ဆုကြေး ချီးမြှင့်ပိုင်ခွင့်ရှိသည်။

၃၅။ ဆုကြေးချီးမြှင့်ရာတွင် ဆုကြေးရန်ပုံငွေထဲမှ သတ်မှတ်ထားသော ရာခိုင်နှုန်းအချိုးအရ ဝန်ထမ်းများကို ဆုကြေးများ ခွဲဝေသတ်မှတ်ပေးပြီးနောက် ကျန်ရှိသော ဆုကြေးရန်ပုံငွေထဲမှ တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့အလိုက်သော်လည်းကောင်း အောက်ပါအခြေခံမှုများအပေါ် မူတည်၍ စွမ်းဆောင်ရည်မြင့်မားမှု ဆုကြေးများ ထပ်မံချီးမြှင့်နိုင်သည် -

(က) သတ်မှတ်ထားသောစံနှုန်းထက်တိုး၍ ထုတ်လုပ်ဆောင်ရွက်နိုင်မှု၊ ဝန်ဆောင်နိုင်မှု၊

(ခ) ထုတ်လုပ်မှု၊ ဝန်ဆောင်မှုနည်းစနစ်သစ်များ တီထွင်နိုင်မှု၊

(ဂ) ထုတ်လုပ်သည့် ကုန်ပစ္စည်းအရည်အသွေးစံချိန်မီမှုနှင့် တီထွင်ထုတ်လုပ်နိုင်မှု၊

(ဃ) ကုန်ကြမ်းသုံးစွဲမှုစံချိန် လျော့နည်းလာမှု၊

(င) အလေအလွင့်၊ အပျက်အစီး၊ အဆုံးအရှုံး လျော့နည်းလာမှု။

၃၆။ ဝန်ထမ်းများသည်သီးခြားတာဝန်ပေးခြင်းအရဆောင်ရွက်ရမည့် လုပ်ငန်းတစ်ရပ်ရပ်အတွက် ချီးမြှင့်ငွေ သို့မဟုတ် အခကြေးငွေကို သက်ဆိုင်ရာစည်းကမ်းများနှင့်အညီ ခံစားခွင့်ရှိသည်။

## အခန်း (၁၁)

## အထွေထွေ

၃၇။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ပစ္စည်းမှန်သမျှသည် နိုင်ငံတော်ပိုင်ပစ္စည်း ဖြစ်သည်။

၃၈။ တပ်မတော်မှ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင်ရေယာဉ်အား ငှားရမ်းအသုံးပြုခြင်း၊ စစ်ဆင်ရေးနှင့် လုံခြုံရေးတာဝန်အရ ဆင့်ခေါ်၍ သာမန်အချိန် သို့မဟုတ် ၁၉၅၉ ခုနှစ် တပ်မတော်အက်ဥပဒေပုဒ်မ ၈ အရ တန်းပြည့်စစ်မှုထမ်းချိန်ဟူ၍ သတ်မှတ်ထားသည့်ကာလအတွင်း အသုံးပြုသည့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင်ရေယာဉ်များ ပျက်စီးခြင်း၊ နစ်မြုပ်ခြင်းများ ဖြစ်ပေါ်ပါက အသုံးပြုသည့် တပ်မတော်မှ မူလအခြေအနေအတိုင်း ဖော်ဆယ်ပြုပြင် အပ်နှံရမည်။

၃၉။ စီမံခန့်ခွဲရေးအဖွဲ့ဝင်များနှင့် ဝန်ထမ်းများသည် ဤဥပဒေအရ ဆောင်ရွက်နေစဉ် သို့မဟုတ် ဆောင်ရွက်သည့်သဘောသက်ရောက်သော အပြုအမူပြုနေစဉ် ပြစ်မှုဆိုင်ရာ ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၂၁ တွင် အဓိပ္ပာယ်ဖော်ပြထားသည့်အတိုင်း ပြည်သူ့ဝန်ထမ်းများဖြစ်သည်ဟု မှတ်ယူရမည်။

၄၀။ ဤဥပဒေအရ သဘောရိုးဖြင့်ဆောင်ရွက်သော သို့မဟုတ် ဆောင်ရွက်သည့်သဘောသက်ရောက်သော ကိစ္စအတွက် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအားသော်လည်းကောင်း၊ လက်အောက်အဖွဲ့များအား သော်လည်းကောင်း၊ အဖွဲ့ဝင်အားသော်လည်းကောင်း၊ လက်အောက်အဖွဲ့ဝင်အားသော်လည်းကောင်း၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ သို့မဟုတ် လက်အောက်အဖွဲ့များ၏ အရာထမ်း၊ အမှုထမ်းများအား သော်လည်းကောင်း တရားမမှုဖြစ်စေ၊ ရာဇဝတ်မှုဖြစ်စေ မစွဲဆိုရ။

၄၁။ ဤဥပဒေအရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များနှင့်အညီ သဘောရိုးဖြင့် ဆောင်ရွက်ကြောင်း သက်သေအထောက်အထားခိုင်လုံသည့် ကိစ္စတစ်ရပ်ရပ်အတွက် စီမံခန့်ခွဲရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကို သော်လည်းကောင်း၊ စီမံခန့်ခွဲရေးအဖွဲ့က ဖွဲ့စည်းသော လုပ်ငန်းအဖွဲ့များကို သော်လည်းကောင်း ပြစ်မှုဆိုင်ရာ ဥပဒေအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ တရားစွဲဆိုခြင်း၊ အရေးယူခြင်း မရှိစေရ။

၄၂။ ကာလစည်းကမ်းသတ်ဥပဒေ ပထမဇယားရှိ အပိုဒ် (၁၄၉) သည် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးကဖြစ်စေ၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးကိုယ်စားဖြစ်စေ စွဲဆိုသည့် တရားမမှုများနှင့် သက်ဆိုင်စေရမည်။

၄၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ရာတွင် -

(က) ဝန်ကြီးဌာနသည် လိုအပ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးတို့သည် လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းတို့ကို ထုတ်ပြန်နိုင်သည်။

၄၄။ ၁၉၅၂ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့အက်ဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

# ရွေ့လျားနိုင်သောပစ္စည်းကိရိယာများနှင့် လေယာဉ်ပစ္စည်းကိရိယာသီးသန့်ကိစ္စရပ်များဆိုင်ရာ နိုင်ငံတကာအကျိုးစီးပွားများဥပဒေ (မူကြမ်း)

## ( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်၊ ။ )

၁၃၇၅ ခုနှစ်၊ လ ရက်

( ၂၀၁၄ ခုနှစ်၊ လ ရက် )

## နိဒါန်း

တန်ဖိုးကြီးမားသည့် ရွေ့လျားနိုင်သောပစ္စည်းကိရိယာများ၊ လေယာဉ်နှင့် လေယာဉ်ပစ္စည်းကိရိယာများ၊ စီးပွားရေးအထောက်အကူပြု အခြားသယ်ယူပို့ဆောင်ရေးပစ္စည်းကိရိယာများကို တိကျရှင်းလင်းသည့် ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းဥပဒေများနှင့်အညီ ရယူခြင်း၊ ဝယ်ယူခြင်း၊ ငှားရမ်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းနှင့် သုံးစွဲခြင်းတို့ ပြုနိုင်ရေးအတွက်လည်းကောင်း၊ အဆိုပါပစ္စည်းကိရိယာများနှင့်စပ်လျဉ်း၍ ပြည်တွင်းပြည်ပ အပြန်အလှန်စီးပွားရေးအကျိုးတူပူးပေါင်းဆောင်ရွက်သည့် အကျိုးစီးပွားများကို နိုင်ငံတကာက အသိအမှတ်ပြုပြီး အကာအကွယ်ပေးနိုင်ရေးအတွက်လည်းကောင်း၊ ထိုသို့အကာအကွယ်ပေးနိုင်ရန် နိုင်ငံတကာ မှတ်ပုံတင်စနစ်တည်ထောင်၍ ဆောင်ရွက်နိုင်ရေးအတွက်လည်းကောင်း နိုင်ငံတော်က သဘောတူလက်ခံခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် အဖွဲ့ဝင်ဖြစ်ခဲ့သည့် ၂၀၀၁ ခုနှစ်၊ နိုင်ငံတကာအကျိုးစီးပွားနှင့်သက်ဆိုင်သော ရွေ့လျားနိုင်သည့်ပစ္စည်းကိရိယာများဆိုင်ရာ ကွန်ဗင်းရှင်း **(ကိပ်တောင်းကွန်ဗင်းရှင်း)** နှင့် ယင်းကွန်ဗင်းရှင်း၏နောက်ဆက်တွဲ လေယာဉ်ပစ္စည်းကိရိယာသီးသန့်ကိစ္စရပ်များဆိုင်ရာပရိုတိုကောလ် **(ကိပ်တောင်းပရိုတိုကောလ်)** တို့ပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်လာသောကြောင့် ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်များ

၁။ ဤဥပဒေကို **ရွေ့လျားနိုင်သောပစ္စည်းကိရိယာများနှင့် လေယာဉ်ပစ္စည်းကိရိယာ သီးသန့်ကိစ္စရပ်များဆိုင်ရာ နိုင်ငံတကာအကျိုးစီးပွားများဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါ စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ကွန်ဗင်းရှင်း**ဆိုသည်မှာ ၂၀၀၁ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့တွင် ကိပ်တောင်းမြို့၌ သဘောတူအတည်ပြုပြဋ္ဌာန်းသည့် ရွေ့လျားနိုင်သောပစ္စည်းကိရိယာဆိုင်ရာ နိုင်ငံတကာအကျိုးစီးပွားများ ကွန်ဗင်းရှင်းကို ဆိုသည်။

(ခ) **နောက်ဆက်တွဲပရိုတိုကောလ်**ဆိုသည်မှာ ၂၀၀၁ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့တွင် ကိပ်တောင်းမြို့၌ သဘောတူအတည်ပြုပြဋ္ဌာန်းသည့် လေယာဉ်ပစ္စည်းကိရိယာ သီးသန့်ကိစ္စရပ်များနှင့် စပ်လျဉ်းသည့် ရွေ့လျားနိုင်သောပစ္စည်းကိရိယာဆိုင်ရာ နိုင်ငံတကာအကျိုးစီးပွားများ ကွန်ဗင်းရှင်း၏ နောက်ဆက်တွဲပရိုတိုကောလ်ကို ဆိုသည်။

(ဂ) **ပထမဇယား**ဆိုသည်မှာ ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များကို ဤဥပဒေတွင် ပထမဇယားအဖြစ် အသေးစိတ်ဖော်ပြထားသည့်ဇယားကို ဆိုသည်။

(ဃ) **ဒုတိယဇယား**ဆိုသည်မှာ နောက်ဆက်တွဲပရိုတိုကောလ်ပါ ပြဋ္ဌာန်းချက်များကို ဤဥပဒေတွင် ဒုတိယဇယားအဖြစ် အသေးစိတ်ဖော်ပြထားသည့်ဇယားကို ဆိုသည်။

(င) **ကြေညာချက်**ဆိုသည်မှာ ကွန်ဗင်းရှင်းအရဖြစ်စေ၊ နောက်ဆက်တွဲပရိုတိုကောလ်အရဖြစ်စေ ဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ပြုလုပ်သော ကြေညာချက်ကို ဆိုသည်။

(စ) **လေယာဉ်ပစ္စည်းကိရိယာများ**ဆိုသည်မှာ နောက်ဆက်တွဲပရိုတိုကောလ်၏ အပိုဒ် ၂၊ အပိုဒ်ခွဲ (ဂ) တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့်အတိုင်း လေယာဉ်ကိုယ်ထည်များ၊ လေယာဉ်အင်ဂျင်များနှင့် ရဟတ်ယာဉ်များကို ဆိုသည်။

(ဆ) **တရားရုံး**ဆိုသည်မှာ ကွန်ဗင်းရှင်း အပိုဒ် ၁၊ အပိုဒ်ခွဲ (ဇ) ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်အလို့ငှာ ကွန်ဗင်းရှင်း အပိုဒ် ၁၃ ပါ သက်သာခွင့်များ တောင်းဆိုမှုနှင့်စပ်လျဉ်း၍ စီရင်ပိုင်ခွင့်ရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်ကိုသော်လည်းကောင်း၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်က သီးခြားစီရင်ပိုင်ခွင့် အာဏာအပ်နှင်းသော တရားရုံးတစ်ခုခုကိုသော် လည်းကောင်း၊ တည်ဆဲဥပဒေအရ တည်ထောင်သည့် အနုညာတခုံသမာဓိရုံးတစ်ခုခုကိုသော် လည်းကောင်း ဆိုသည်။

(ဇ) **ကြွေးမြီရှင်**ဆိုသည်မှာ ကွန်ဗင်းရှင်း အပိုဒ် ၁၊ အပိုဒ်ခွဲ (ဈ) တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့်အတိုင်း ငွေကြေးအာမခံချက်သဘောတူညီချက်အရ ကြွေးမြီရပိုင်ခွင့်ရှိသူကိုသော်လည်းကောင်း၊ ပေးဆပ်ရန် ငွေကြေးချန်ထားသော အရောင်းစာချုပ်အရ စည်းကမ်းချက်ဖြင့် ရောင်းချသူကိုသော်လည်းကောင်း၊ အငှားစာချုပ်အရ ငှားရမ်းသူကိုသော်လည်းကောင်း ဆိုသည်။

(ဈ) **ကြွေးမြီပေးဆပ်ရမည့်သူ**ဆိုသည်မှာ ကွန်ဗင်းရှင်း အပိုဒ် ၁၊ အပိုဒ်ခွဲ (ည) တွင် အဓိပ္ပာယ်ဖွင့်ဆို ထားသည့်အတိုင်း ငွေကြေးအာမခံချက် သဘောတူညီချက်အရ ကြွေးမြီပေးဆပ်ရမည့်သူကိုသော် လည်းကောင်း၊ ပေးဆပ်ရန် ငွေကြေးချန်ထားသော အရောင်းစာချုပ်အရ စည်းကမ်းချက်ဖြင့် ဝယ်ယူသူကိုသော်လည်းကောင်း၊ အငှားစာချုပ်အရ အငှားယူသူကိုသော်လည်းကောင်း၊ မှတ်ပုံတင် နိုင်သည့် သဘောမတူသော အခွင့်အရေး သို့မဟုတ် အကျိုးစီးပွားဖြင့် ပစ္စည်းတစ်ခုခုတွင် အကျိုး အမြတ်ပေးဆပ်ရန် တာဝန်ရှိသောသူကိုသော်လည်းကောင်း ဆိုသည်။

(ည) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ ပို့ဆောင်ရေးဝန်ကြီးဌာနကို ဆိုသည်။

(ဋ) **ကြီးကြပ်ရေးအာဏာပိုင်အဖွဲ့**ဆိုသည်မှာ ကွန်ဗင်းရှင်း အပိုဒ် ၁၇၊ အပိုဒ်ခွဲ (၁) ကို အထောက် အထားပြု၍ ကွန်ဗင်းရှင်းနှင့် နောက်ဆက်တွဲပရိုတိုကောလ်တို့ပါ ပြဋ္ဌာန်းချက်များကို အကောင် အထည်ဖော် ဆောင်ရွက်ရာတွင် ကြီးကြပ်ကွပ်ကဲနိုင်ရန် ဤဥပဒေပုဒ်မ ၅ အရ ဖွဲ့စည်းသော အာဏာပိုင်အဖွဲ့ကို ဆိုသည်။

(ဌ) **မှတ်ပုံတင်အရာရှိ**ဆိုသည်မှာ ကွန်ဗင်းရှင်း အပိုဒ် ၁၇၊ အပိုဒ်ခွဲ (၂) ကို အထောက်အထားပြု၍ ကွန်ဗင်းရှင်းနှင့် နောက်ဆက်တွဲပရိုတိုကောလ်တို့ပါ မှတ်ပုံတင်လုပ်ငန်းများကို ဆောင်ရွက်ရန် ဤဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (ခ) အရ ခန့်အပ်တာဝန်ပေးခြင်းခံရသော အရာရှိကို ဆိုသည်။

## အခန်း (၂)

## ကွန်ဗင်းရှင်းနှင့် နောက်ဆက်တွဲပရိုတိုကောလ်တို့ ဥပဒေအာဏာသက်ရောက်ခြင်း

၃။ ပုဒ်မ ၄ ပါ ပြည်ထောင်စုအစိုးရအဖွဲ့ သို့မဟုတ် ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်အရ ကွန်ဗင်းရှင်း သို့မဟုတ် နောက်ဆက်တွဲပရိုတိုကောလ်နှင့်အညီ ပြုလုပ်ထားသည့် ကြေညာချက်များကို အထောက်အထားပြု၍ ပထမဇယားဖြင့် ဖော်ပြထားသော ကွန်ဗင်းရှင်းနှင့် ဒုတိယဇယားဖြင့် ဖော်ပြထား သော နောက်ဆက်တွဲပရိုတိုကောလ်တို့ပါ ပြဋ္ဌာန်းချက်များသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ဤဥပဒေ၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ဥပဒေကဲ့သို့ အာဏာသက်ရောက်စေရမည်။

၄။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် -

(က) ကွန်ဗင်းရှင်းကိုဖြစ်စေ၊ နောက်ဆက်တွဲပရိုတိုကောလ်ကိုဖြစ်စေ အဖွဲ့ဝင်အဖြစ် သဘောတူလက်ခံသည့် အချိန်တွင် ထိုကွန်ဗင်းရှင်း သို့မဟုတ် နောက်ဆက်တွဲပရိုတိုကောလ်ပါ ပြဋ္ဌာန်းချက်များအားလုံး ကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း အကျိုးသက်ဆိုင်ခြင်းနှင့်စပ်လျဉ်း၍ လိုအပ်ပါက ကြေညာချက်များ ပြုလုပ်နိုင်သည်။

(ခ) ကွန်ဗင်းရှင်းကိုဖြစ်စေ၊ နောက်ဆက်တွဲပရိုတိုကောလ်ကိုဖြစ်စေ အဖွဲ့ဝင်အဖြစ် သဘောတူလက်ခံ ပြီးနောက် အဆိုပါပြဋ္ဌာန်းချက်များ အကျိုးသက်ဆိုင်ခြင်းနှင့်စပ်လျဉ်း၍ လိုအပ်ပါက နောက်ဆက်တွဲ ကြေညာချက်များ ထပ်မံပြုလုပ်နိုင်သည်။

(ဂ) ပုဒ်မခွဲ (က) နှင့် (ခ) တို့ပါ ကြေညာချက်များကို ကွန်ဗင်းရှင်းနှင့် နောက်ဆက်တွဲပရိုတိုကောလ် တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြန်လည်ရုပ်သိမ်းနိုင်သည်။

## အခန်း (၃)

## ကြီးကြပ်ရေးအာဏာပိုင်အဖွဲ့ ဖွဲ့စည်းခြင်းနှင့် မှတ်ပုံတင်အရာရှိ ခန့်အပ်ခြင်း

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(က) ကွန်ဗင်းရှင်းနှင့် နောက်ဆက်တွဲပရိုတိုကောလ်တို့ပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကြီးကြပ်ကွပ်ကဲနိုင်ရန် ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ပါဝင်စေလျက် အခြားသင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ကြီးကြပ်ရေးအာဏာပိုင်အဖွဲ့ကို ဖွဲ့စည်း ရမည်။

(ခ) ပုဒ်မခွဲ (က) အရ ကြီးကြပ်ရေးအာဏာပိုင်အဖွဲ့ ဖွဲ့စည်းရာတွင် အတွင်းရေးမှူးကို ထည့်သွင်း သတ်မှတ်၍ ဖွဲ့စည်းရမည်။ လိုအပ်ပါက ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ် တာဝန်ပေးနိုင်သည်။

(ဂ) ကြီးကြပ်ရေးအာဏာပိုင်အဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၆။ ကြီးကြပ်ရေးအာဏာပိုင်အဖွဲ့သည် ကွန်ဗင်းရှင်းနှင့် နောက်ဆက်တွဲပရိုတိုကောလ်တို့၌ ပါရှိသော -

(က) တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ပိုင်ခွင့်ရှိစေရမည်။

(ခ) မှတ်ပုံတင်လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာနမှ သင့်လျော်သော အရာရှိ တစ်ဦးကို မှတ်ပုံတင်အရာရှိအဖြစ် ခန့်အပ်တာဝန်ပေးရမည်။

၇။ ကြီးကြပ်ရေးအာဏာပိုင်အဖွဲ့နှင့် မှတ်ပုံတင်အရာရှိတို့သည် ကွန်ဗင်းရှင်းနှင့် နောက်ဆက်တွဲ ပရိုတိုကောလ်တို့ပါ အထူးအခွင့်အရေးနှင့် ကင်းလွတ်သက်သာခွင့်များကို ခံစားခွင့်ရှိစေရမည်။

## အခန်း (၄)

## အထွေထွေ

၈။ တည်ဆဲဥပဒေများတွင် မည်သို့ပင်ပါရှိစေကာမူ ပထမဇယားနှင့် ဒုတိယဇယားတို့၌ ဖော်ပြထားသော ကွန်ဗင်းရှင်းနှင့် နောက်ဆက်တွဲပရိုတိုကောလ်တို့ပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်သမျှ ဤဥပဒေအရ သာလျှင် အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

၉။ ရွှေ့လျားနိုင်သောပစ္စည်းကိရိယာများကိုဖြစ်စေ၊ လေယာဉ်ပစ္စည်းကိရိယာများကိုဖြစ်စေ အပေါင်အနှံ ပြုလုပ်ခြင်း သို့မဟုတ် ကြွေးမြီတာဝန်ရှိခြင်းနှင့်စပ်လျဉ်း၍ ဤဥပဒေနှင့်အညီ မှတ်ပုံတင်ပါက မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၁၀၉ နှင့် ပုဒ်မ ၁၀၉-က တို့ပါ ထိုကိစ္စအတွက် မှတ်ပုံတင်ရန် ပြဋ္ဌာန်းချက် များသည် သက်ဆိုင်ခြင်း မရှိစေရ။

၁၀။ သက်ဆိုင်ရာတရားရုံးသည် ကြွေးမြီရှင်က ကြွေးမြီပေးဆပ်ရမည့်သူအပေါ် သက်သာခွင့်တောင်းဆိုမှုများနှင့်စပ်လျဉ်း၍ တည်ဆဲ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေနှင့် လူမွဲစာခံခြင်းအက်ဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင် ပါရှိစေကာမူ ကြွေးမြီပေးဆပ်ရမည့်သူက ကုမ္ပဏီကို စာရင်းရှင်းလင်းဖျက်သိမ်းသည့်အခါတွင်ဖြစ်စေ၊ လူမွဲစာခံယူသည့်အခါတွင်ဖြစ်စေ ဤဥပဒေပါ ကွန်ဗင်းရှင်းနှင့် နောက်ဆက်တွဲပရိုတိုကောလ်တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီသာလျှင် စီရင်ဆုံးဖြတ်ရမည်။

၁၁။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပြဋ္ဌာန်းပါရှိစေကာမူ ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် ညီညွတ်မှုမရှိသော သို့မဟုတ် ဆန့်ကျင်ကွဲလွဲသော ပြဋ္ဌာန်းချက်များကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များက လွှမ်းမိုးစေရမည်။

၁၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ကြီးကြပ်ရေးအာဏာပိုင်အဖွဲ့၊ ဝန်ကြီးဌာနနှင့် လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

## ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေ (မူကြမ်း)
## ( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်၊ ။ )

၁၃၇၅ ခုနှစ်၊ လ ရက်

( ၂၀၁၄ ခုနှစ်၊ လ ရက် )

### နိဒါန်း

နိုင်ငံတော်အတွင်း ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဆိုင်ရာလုပ်ငန်းများ စနစ်တကျဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ယင်းလုပ်ငန်းများသည် အများပြည်သူ၏ အကျိုးစီးပွားကို ထိရောက်စွာပံ့ပိုးပေးနိုင်ရန် ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)
### အမည်၊ စတင်အာဏာတည်ခြင်း၊ သက်ဆိုင်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်များ

၁။ (က) ဤဥပဒေကို **ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေ**ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သည့်နေ့ရက်မှ စတင်အာဏာတည်စေရမည်။

(ဂ) ဤဥပဒေသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းရှိ ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဆိုင်ရာလုပ်ငန်းအားလုံးနှင့် သက်ဆိုင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) **ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း**ဆိုသည်မှာ ရုပ်မြင်သံကြားနှင့်အသံလွှင့်မီဒီယာအစီအစဉ်များကို အများပြည်သူက တိုက်ရိုက်ဖမ်းယူရရှိနိုင်စေရေးအတွက် မြေပြင်အခြေစိုက် ရုပ်မြင်

သံကြားနှင့် အသံလွှင့်မီဒီယာထုတ်လွှင့်စက်များ၊ ကေဘယ်လ်ကြိုးများ၊ ဂြိုဟ်တုများမှတစ်ဆင့် အခပေး သို့မဟုတ် အခမဲ့လွှင့်ထုတ်ခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် အင်တာနက်မှတစ်ဆင့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းကို ဆောင်ရွက်သည့် အင်တာနက်ရုပ်မြင်သံကြားနှင့်အသံ ထုတ်လွှင့်မှုများ အကျုံးဝင်ခြင်းမရှိစေရ။

(ခ) **ကြော်ငြာ**ဆိုသည်မှာ အခကြေးငွေ သို့မဟုတ် အလားတူထောက်ပံ့မှုဖြင့် ကြော်ငြာသူအတွက် ထုတ်လွှင့်မှု အချိန်ပေးထားပြီး ဝန်ဆောင်မှုနှင့် ကုန်ပစ္စည်းများ ငှားရမ်းခြင်း၊ ဝယ်ယူခြင်း၊ အရောင်းမြှင့်တင်ခြင်း၊ အသိညာဏ်တိုးပွားစေခြင်း သို့မဟုတ် ကြော်ငြာသူ၏ဆန္ဒအလျောက် အခြားသောအကျိုးသက်ရောက်မှုတို့ ဖြစ်စေမည့် ပြည်သူ့ထံသို့ ဖော်ပြထုတ်လွှင့်ချက်ကို ဆိုသည်။

(ဂ) **အများပြည်သူအကျိုးအတွက် အသိပေးထုတ်လွှင့်ခြင်း**ဆိုသည်မှာ အများပြည်သူအကျိုးငှာ ပြည်သူ လူထုအား အသိပေးရန် သို့မဟုတ် လိုက်ပါလုပ်ဆောင်စေရန် ရည်ရွယ်ချက်ဖြင့်ပေးပို့သည့် သတင်း၊ ကြော်ငြာ၊ ကြေညာချက်နှင့် အသိပေးနှိုးဆော်ချက်တို့ကို စီးပွားရေးအကျိုးအမြတ်မပါဘဲ ရုပ်မြင် သံကြားနှင့်အသံထုတ်လွှင့်ခြင်းကို ဆိုသည်။

(ဃ) **အများပြည်သူဝန်ဆောင်မှု ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းလုပ်ငန်း**ဆိုသည်မှာ အများ ပြည်သူဝန်ဆောင်မှု မီဒီယာဆိုင်ရာအခြေခံမူများကို လိုက်နာဖော်ဆောင်ရေးအတွက် နိုင်ငံတော်ပိုင် မီဒီယာကို ပြောင်းလဲဖွဲ့စည်းထားသော အများပြည်သူဝန်ဆောင်မှု ရုပ်မြင်သံကြားနှင့် အသံ ထုတ်လွှင့်ခြင်းလုပ်ငန်းကို ဆိုသည်။

(င) **စီးပွားရေးအရ ထုတ်လွှင့်သည့် ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှုလုပ်ငန်း** ဆိုသည်မှာ မြန်မာနိုင်ငံသားများက ဦးစီးဆောင်ရွက်သော သို့မဟုတ် မတည်ရင်းနှီးငွေ၏ ၃၀ ရာခိုင်နှုန်းထက်မပိုသော ရင်းနှီးမြှုပ်နှံမှုဖြင့် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားအဖွဲ့အစည်း များက စီးပွားရေးအကျိုးအမြတ်အတွက် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှု လုပ်ငန်းနှင့် ယင်းလုပ်ငန်းနှင့်ဆက်စပ်သည့် အခြားလုပ်ငန်းများ ဆောင်ရွက်ခြင်းကို ဆိုသည်။

(စ) **စီးပွားဖြစ်မဟုတ်သည့် ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှုလုပ်ငန်း**ဆိုသည်မှာ သက်ဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် လူမှုအသိုက်အဝန်းအတွက် လိုအပ်သော သတင်းအချက် အလက်များကို ဖြန့်ဝေပေးရန် လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ ပြည်သူ့အခြေပြုအဖွဲ့အစည်းများ၊ ပညာရေးအဖွဲ့အစည်းများနှင့် အခြားကဏ္ဍဆိုင်ရာအဖွဲ့အစည်း များက ဖွဲ့စည်းတည်ထောင်ပြီး စီမံခန့်ခွဲအုပ်ချုပ်နေသော အကျိုးအမြတ်ကို ရှေးရှုခြင်းမရှိသည့် ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှုလုပ်ငန်းကို ဆိုသည်။

(ဆ) **ဌာနပိုင် ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှုလုပ်ငန်း**ဆိုသည်မှာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့တို့က ပိုင်ဆိုင်ပြီး အများပြည်သူဆိုင်ရာ သတင်း အချက်အလက်များကို တိကျမှန်ကန်စွာ ထုတ်လွှင့်ဖော်ပြပေးနိုင်ရေးအတွက် တည်ထောင်ဖွဲ့စည်း လုပ်ကိုင်ဆောင်ရွက်သည့် ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှုလုပ်ငန်းကို ဆိုသည်။

(ဇ) **ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းအစီအစဉ် ဖြန့်ဖြူးရေးဝန်ဆောင်မှုလုပ်ငန်းများ**ဆိုသည်မှာ ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှုလုပ်ငန်းကို လုပ်ကိုင်ရန် လိုင်စင်ရယူထားသည့် လုပ်ငန်းများကို ဆိုသည်။ ယင်းစကားရပ်တွင် ကိုယ်တိုင် သို့မဟုတ် အခြားရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှုလုပ်ငန်းများက မြေပြင်အခြေစိုက် ရုပ်မြင်သံကြားနှင့် ရေဒီယို ထုတ်လွှင့်စက်များမှဖြစ်စေ၊ ကေဘယ်လ်ကြိုးများမှဖြစ်စေ၊ ဂြိုဟ်တုများမှဖြစ်စေ တစ်ဆင့် ထုတ်လွှင့် သည့် ရေဒီယို၊ ရုပ်မြင်သံကြားနှင့် မာတီမီဒီယာအစီအစဉ်များကို ကြည့်ရှုသူများထံ ဖြန့်ဖြူးပေးပို့ ခြင်းကို ဆိုသည်။

(ဈ) **ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းလှိုင်းနှုန်းစဉ် စီမံခန့်ခွဲမှု**ဆိုသည်မှာ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနက ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းလုပ်ငန်းများတွင် အသုံးပြုရန် သတ်မှတ်သောလှိုင်းနှုန်းစဉ်ကို အဖွဲ့က ကောင်စီနှင့်ညှိနှိုင်း၍ စီမံခန့်ခွဲခြင်းကို ဆိုသည်။

(ည) **ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှုလုပ်ငန်းလိုင်စင်**ဆိုသည်မှာ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများ လည်ပတ်ဆောင်ရွက်နိုင်ရန် ကောင်စီ၏ ထောက်ခံတင်ပြချက်ဖြင့် အဖွဲ့က ခွင့်ပြုသည့် လုပ်ပိုင်ခွင့်ကို ဆိုသည်။

(ဋ) **ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်မှုဇုန်**ဆိုသည်မှာ ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်မှုတစ်ခု ရောက်ရှိနိုင်သည့် ပထဝီဝင်အနေအထားအရ အတိအကျသတ်မှတ်ထားသောနယ်မြေကို ဆိုသည်။

(ဌ) **လုပ်ငန်းဆိုင်ရာလိုက်နာရမည့် ကျင့်ဝတ်**ဆိုသည်မှာ ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်သည့် အဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်းပြီးနောက် ကောင်စီက ပြဋ္ဌာန်းသည့် လုပ်ငန်းဆိုင်ရာ လိုက်နာရမည့်ကျင့်ဝတ်များကို ဆိုသည်။ ယင်းစကားရပ်တွင် ကျင့်ဝတ်ဆိုင်ရာ ဓလေ့ထုံးစံများ၊ ထုတ်လွှင့်သည့် အစီအစဉ်၏ စံနှုန်းသတ်မှတ်ချက်များနှင့် ကောင်စီက လိုအပ်သည်ဟု သတ်မှတ်သည့် ကဏ္ဍများဆိုင်ရာပြဋ္ဌာန်းချက်များ ပါဝင်သည်။

(ဍ) **လွတ်လပ်သည့် အစီအစဉ်ထုတ်လုပ်သူ**ဆိုသည်မှာ မည်သည့် ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းလုပ်ငန်းနှင့်မျှ ပတ်သက်ခြင်းမရှိသည့် ရေဒီယို သို့မဟုတ် ရုပ်မြင်သံကြားအတွက် အစီအစဉ်များကို ထုတ်လုပ်သည့် ပုဂ္ဂိုလ် သို့မဟုတ် ကုမ္ပဏီကို ဆိုသည်။

(ဎ) **မူရင်းရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းပြုသူ**ဆိုသည်မှာ မူရင်းအစီအစဉ်များကို ထုတ်လွှင့်သည့် အများပြည်သူဝန်ဆောင်မှု ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းလုပ်ငန်း၊ စီးပွားရေးအရ ထုတ်လွှင့်သည့် ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်း၊ စီးပွားဖြစ်မဟုတ်သည့် ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှုလုပ်ငန်း၊ ဌာနပိုင် ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှုလုပ်ငန်းများကို ဆိုသည်။

(ဏ) **အဖွဲ့**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော အမျိုးသားရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ကို ဆိုသည်။

(တ) **ကောင်စီ**ဆိုသည်မှာ ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဆိုင်ရာ အကြောင်းအရာအချက်အလက်များကို ကြီးကြပ်စောင့်ကြည့် ဆောင်ရွက်ရန် အစိုးရအာဏာပိုင်များ၊ တရားစီရင်ရေးဆိုင်ရာ ပုဂ္ဂိုလ်များနှင့် ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်နေသူများ၏ လွှမ်းမိုးမှုမှ ကင်းဝေးပြီး ကိုယ်ပိုင်စီမံခန့်ခွဲမှုရှိသည့် ဤဥပဒေအရ ဖွဲ့စည်းသော ရုပ်မြင်သံကြားနှင့် အသံလွှင့်ကောင်စီကို ဆိုသည်။

(ထ) **လွှတ်တော်**ဆိုသည်မှာ ပြည်ထောင်စုလွှတ်တော်ကို ဆိုသည်။

(ဒ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြန်ကြားရေးဝန်ကြီးဌာနကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်နှင့်အခြေခံမူများ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနက သတ်မှတ်သော ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလှိုင်းနှုန်းစဉ်ကို ဖွံ့ဖြိုးမှုဆိုင်ရာအရင်းအမြစ်တစ်ခုအဖြစ် အသုံးချနိုင်ရေးအတွက် ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများအား ခွဲဝေပေးရန်၊

(ခ) ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများနှင့် ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း အစီအစဉ်အကြောင်းအရာများကို အများပြည်သူက ပိုမိုအသုံးပြုနိုင်စေရန်၊

(ဂ) ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများ၏ အရည်အသွေးပြည့်မီစေရန်နှင့် ပြည်သူများ၏ သတင်းအချက်အလက်ပြန်ကြားရေး၊ ပညာရေးနှင့် ဖျော်ဖြေရေးဆိုင်ရာလိုအပ်ချက်များကို အရည်အသွေးကောင်းသည့် စံချိန်မီရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်မှုဖြင့် ဖြည့်ဆည်းပေးရာတွင် အများပါဝင်ဆောင်ရွက်နိုင်သည့် စနစ်တစ်ခုကို ပံ့ပိုးပေးရန်။

၄။ မြန်မာနိုင်ငံအတွင်း ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံရမည့်မူများမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဆိုင်ရာလုပ်ငန်းများ၏ လွတ်လပ်စွာထုတ်ဖော်ခွင့်ရှိမှု၊ အတတ်ပညာပိုင်းဆိုင်ရာအရည်အသွေးပြည့်ဝမှုနှင့် လွတ်လပ်၍ အမှီအခိုကင်းရှင်းမှု၊

(ခ) အများပြည်သူဝန်ဆောင်မှု ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းလုပ်ငန်း၊ စီးပွားရေးအရထုတ်လွှင့်သည့် ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှုလုပ်ငန်း၊ စီးပွားဖြစ်မဟုတ်သည့် ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှုလုပ်ငန်းနှင့် ဌာနပိုင်ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှုလုပ်ငန်းများ၏ ညီညွတ်မျှတစွာ ဖွံ့ဖြိုးတိုးတက်မှု၊

(ဂ) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနက သတ်မှတ်သော ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလှိုင်းနှုန်းစဉ်ကို အချိုးကျထိရောက်စွာအသုံးပြုမှု၊

(ဃ) ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဆိုင်ရာလုပ်ငန်းများတွင် တရားမျှတစွာ ယှဉ်ပြိုင်မှုနှင့် အများပြည်သူ၏ သဘောထားအမြင်များကို ဖော်ဆောင်သည့် မီဒီယာဗဟုဝါဒကို မြှင့်တင်မှု၊

(င) ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဆိုင်ရာလုပ်ငန်းများအတွက် လှိုင်းနှုန်းနှင့် လိုင်စင်ခွင့်ပြုခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများတွင် တရားမျှတခြင်း၊ ဓမ္မဓိဋ္ဌာန်ကျခြင်း၊ ခွဲခြားဆက်ဆံမှုမပြုခြင်း၊ ထိရောက်အကျိုးရှိခြင်းနှင့် ပွင့်လင်းမြင်သာမှုရှိခြင်း၊ နိုင်ငံတစ်ဝန်းလုံးတွင် ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှုလုပ်ငန်းများ ပျံ့နှံ့စွာရောက်ရှိရေး ဆောင်ရွက်မှု။

## အခန်း (၃)
## အဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် အမျိုးသားရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

(က) ဝန်ကြီး ဥက္ကဋ္ဌ
ပြန်ကြားရေးဝန်ကြီးဌာန

(ခ) ဝန်ကြီး ဒုတိယဥက္ကဋ္ဌ
ဆက်သွယ်ရေးသတင်းအချက်အလက်နှင့်
နည်းပညာဝန်ကြီးဌာန

(ဂ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ပြန်ကြားရေးဝန်ကြီးဌာန

(ဃ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ပြည်ထဲရေးဝန်ကြီးဌာန

(င) ဒုတိယဝန်ကြီး အဖွဲ့ဝင်
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

(စ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
ရုပ်မြင်သံကြားနှင့်အသံလွှင့်ကောင်စီ

(ဆ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
အများပြည်သူဝန်ဆောင်မှု
ရုပ်မြင်သံကြားနှင့်အသံလွှင့်လုပ်ငန်းအုပ်ချုပ်မှုအဖွဲ့

(ဇ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
ကာကွယ်ရေးဝန်ကြီးဌာန

(ဈ) ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
ရုပ်သံလွှင့်လုပ်ငန်းရှင်များအသင်း

(ည) ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
ကွန်ပျူတာပညာရှင်များအသင်း

(ဋ) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

၆။ အဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းလုပ်ငန်းနှင့် ယင်းလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံသူများအတွက် လမ်းညွှန်အဖြစ် အသုံးပြုနိုင်မည့် အမျိုးသားရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာစီမံချက်နှင့် မူဝါဒများကို ကောင်စီနှင့် အခြားဆက်စပ် အဖွဲ့အစည်းများနှင့် ညှိနှိုင်းရေးဆွဲချမှတ်ခြင်း၊

(ခ) ပြည်သူလူထု၏ အကျိုးစီးပွားကို အမြင့်မားဆုံးဖော်ဆောင်နိုင်ရေးအတွက် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း လှိုင်းနှုန်းစဉ်စီမံခန့်ခွဲခြင်းဆိုင်ရာစီမံချက်ကို ကောင်စီနှင့် အခြားဆက်စပ် အဖွဲ့အစည်းများနှင့် ညှိနှိုင်းရေးဆွဲထုတ်ပြန်ခြင်း၊

(ဂ) နိုင်ငံတော်အတွင်း ဆောင်ရွက်ခွင့်ပြုမည့် ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှု လုပ်ငန်းအမျိုးအစားနှင့် နေရာဒေသများကိုလည်းကောင်း၊ လုပ်ကိုင်ခွင့်ပြုမည့်ပမာဏကို လည်းကောင်း ကောင်စီနှင့် ညှိနှိုင်းသတ်မှတ်ခြင်းနှင့် ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းအတွက် အသုံးပြုမည့် နှစ်စဉ်လှိုင်းနှုန်းစဉ် ခွဲဝေမှုစီမံချက်ကို အများပြည်သူသို့ ထုတ်ပြန်ကြေညာခြင်း၊

(ဃ) လွတ်လပ်ပြီး ပြိုင်ဆိုင်မှုရှိသည့် ဈေးကွက်တစ်ခုဖန်တီးရာတွင် ရုပ်မြင်သံကြားနှင့်အသံ ထုတ်လွှင့်ခြင်းလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်မည့် မူဝါဒနှင့် အစီအစဉ်များကို ကောင်စီသို့ လမ်းညွှန်ခြင်း၊

(င) ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှု လုပ်ငန်းလိုင်စင် ထုတ်ပေးခြင်း၊ သက်တမ်း တိုးခြင်း၊ လိုင်စင်ရုပ်သိမ်းခြင်းတို့ကို ကောင်စီ၏ သဘောထားမှတ်ချက်ဖြင့် ဆောင်ရွက်ခြင်း၊

(စ) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်မှုနည်းပညာနှင့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်း ဆိုင်ရာပစ္စည်းများ၊ ရုပ်မြင်သံကြားနှင့်အသံဖမ်းယူခြင်းဆိုင်ရာပစ္စည်းများ၊ ယင်းတို့နှင့် သက်ဆိုင် သည့် ပစ္စည်းများ ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ ဖြန့်ချိရောင်းချခြင်းတို့နှင့်သက်ဆိုင်သည့် နည်းပညာဆိုင်ရာစံနှုန်းသတ်မှတ်ချက်များကို ကောင်စီနှင့် ညှိနှိုင်းသတ်မှတ်ခြင်း၊

(ဆ) အဖွဲ့၏လုပ်ငန်းတာဝန်များကို ပွင့်လင်းမြင်သာ၍ အများပါဝင်နိုင်သည့် အစီအစဉ်များဖြင့် ဆောင်ရွက်ခြင်း၊

(ဇ) ဆက်သွယ်ရေးမူဝါဒကြီးကြပ်မှုမူဘောင်တွင် ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းလုပ်ငန်းကို တစ်ဆက်တစ်စပ်တည်း ပါဝင်ဖြစ်ထွန်းလာစေရေး ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဈ) ဤဥပဒေအရ လိုင်စင်ရယူခြင်းမရှိဘဲ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဝန်ဆောင်မှု လုပ်ငန်း ဆောင်ရွက်သူအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မှုကို ကြီးကြပ်ခြင်း။

၇။ အဖွဲ့သည် ကောင်စီ၏ လွတ်လပ်၍ အမှီအခိုကင်းမှုကို အလေးဂရုပြုရမည်။ ကောင်စီ၏ တာဝန်ဝတ္တရားနှင့် သက်ဆိုင်သည့် ဆုံးဖြတ်မှုတစ်ခုခုအား လွှမ်းမိုးခြင်းမရှိစေရ။

## အခန်း (၄)
## ကောင်စီဖွဲ့စည်းခြင်း၊ ယင်း၏လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များ

၈။ အောက်ပါအရည်အချင်းများနှင့် ပြည့်စုံသူသည် ကောင်စီဝင်အဖြစ် ရွေးချယ်ခံပိုင်ခွင့်ရှိသည် -

(က) အသက် ၂၅ နှစ်ပြည့်ပြီးသူ၊

(ခ) နိုင်ငံသားမိဘနှစ်ပါးမှမွေးဖွားသော နိုင်ငံသားဖြစ်သူ၊

(ဂ) စိတ်ရောကိုယ်ပါ ကျန်းမာကြံ့ခိုင်မှုရှိသူ။

၉။ အောက်ပါပုဂ္ဂိုလ်များသည် ကောင်စီဝင်အဖြစ် ရွေးချယ်ခံပိုင်ခွင့်မရှိစေရ -

(က) နိုင်ငံရေးပါတီ၏ ဝန်ထမ်း သို့မဟုတ် တရားဝင်ရာထူးတာဝန်တစ်ခုခုတွင် တာဝန်ထမ်းဆောင်နေသူ၊

(ခ) အစိုးရအဖွဲ့အစည်းတစ်ခုခုတွင် ခန့်အပ်တာဝန်ပေးခြင်းခံရသူ၊

(ဂ) မီဒီယာလုပ်ငန်းမှ လစာ သို့မဟုတ် သိသာထင်ရှားသည့် ငွေကြေးကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အကျိုးအမြတ်ရရှိနေသူ သို့မဟုတ် အခကြေးငွေရရှိနေသူ၊

(ဃ) အကျင့်စာရိတ္တပျက်ပြားမှုနှင့်စပ်လျဉ်း၍ တရားရုံးတစ်ခုခုမှ ပြစ်ဒဏ်ချမှတ်ခြင်းခံခဲ့ရသူ၊

(င) နိုင်ငံ့ဝန်ထမ်း၊

(စ) သာသနာ့ဝန်ထမ်း။

၁၀။ အဖွဲ့ဝင်များအဖြစ် အမည်စာရင်းတင်သွင်းခြင်းနှင့် ရွေးချယ်ခန့်အပ်ခြင်းဆိုင်ရာလုပ်ငန်းစဉ်သည် လွတ်လပ်ပြီး ပွင့်လင်းမြင်သာမှုရှိရမည်။ အဆိုပါလုပ်ငန်းစဉ်တွင် ကျွမ်းကျင်အတတ်ပညာရှင်နှင့် လူမှုရေးအဖွဲ့အစည်းများ ပါဝင်ဆောင်ရွက်ခြင်းကို အားပေးမည်။

၁၁။ ကောင်စီကို ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းကဏ္ဍနှင့် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာကဏ္ဍတို့မှ ကျွမ်းကျင်သူများ၊ ဥပဒေ၊ စီးပွားရေး စီမံခန့်ခွဲမှုနှင့် ဘဏ္ဍာရေးဆိုင်ရာနယ်ပယ်များတွင် ပညာရပ်ဆိုင်ရာကျွမ်းကျင်မှု သို့မဟုတ် လုပ်ငန်းအတွေ့အကြုံရှိသူ အဖွဲ့ဝင်ကိုးဦးဖြင့် ကောင်စီကို ဖွဲ့စည်းမည်။

၁၂။ နိုင်ငံတော်သမ္မတက ရွေးချယ်ထားသည့် အဖွဲ့ဝင်ကိုးဦးနှင့် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်ထားသည့် အဖွဲ့ဝင်ကိုးဦး စုစုပေါင်း ၁၈ ဦးကို ပဏာမရွေးချယ်ရမည်။

၁၃။ အဖွဲ့သည် အဆိုပြုထားသည့် အဖွဲ့ဝင် ၁၈ ဦး၏ အမည်စာရင်းကို ရက်ပေါင်း ၃၀ ကြိုတင်၍ ထုတ်ပြန်ထားရမည်ဖြစ်ပြီး ယင်းတို့၏ လုပ်ရည်ကိုင်ရည်၊ အကျင့်စာရိတ္တ၊ ပညာရပ်ဆိုင်ရာကျွမ်းကျင်မှု အရည်အချင်းနှင့်စပ်လျဉ်း၍ အများပြည်သူက ဝေဖန်တုံ့ပြန်မှုပြုရန် ဖိတ်ခေါ်ရမည်။

၁၄။ နိုင်ငံတော်သမ္မတသည် အများပြည်သူ၏ ထောက်ခံမှု အများဆုံးရရှိမှုအပေါ် မူတည်၍ အဆိုပါ ပုဂ္ဂိုလ်များအနက်မှ ကိုးဦးကို ကောင်စီအဖွဲ့ဝင်အဖြစ် ရွေးချယ်ခန့်အပ်ရမည်။

၁၅။ ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကို ကောင်စီဝင်များက လွတ်လပ်စွာဆန္ဒမဲပေး၍ ရွေးကောက်တင်မြှောက်ရမည်။

၁၆။ ကောင်စီ၏လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သည့် မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများကို အများပြည်သူတို့၏ အကြံဉာဏ်ကို ရယူ၍ ရေးဆွဲခြင်း၊

(ခ) ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းလိုင်စင် လျှောက်ထားသူများအနက် စည်းမျဉ်းနှင့်ကိုက်ညီသင့်လျော်သူကို စိစစ်ရွေးချယ်ထောက်ခံ၍ အဖွဲ့သို့ တင်ပြခြင်း၊

(ဂ) ဤဥပဒေနှင့်အညီ ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများ၏ လုပ်ငန်းဆိုင်ရာ လိုက်နာရမည့် ကျင့်ဝတ်များ ရေးဆွဲပြဋ္ဌာန်းခြင်း၊

(ဃ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကိုလည်းကောင်း၊ ကောင်စီမှ ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများကိုလည်းကောင်း ချိုးဖောက်သည့် ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှုလုပ်ငန်း တစ်ခုအား စီမံခန့်ခွဲမှုဆိုင်ရာနည်းလမ်းဖြင့် အရေးယူဆောင်ရွက်ခြင်း၊

(င) လိုင်စင်ပါ ပြဋ္ဌာန်းချက်တစ်ခုခုကို ချိုးဖောက်မှုအတွက် သက်ဆိုင်ရာတရားရုံးသို့ အယူခံဝင်နေသည့် ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းတစ်ခုကို သင့်လျော်သည့် ကာလအထိ လိုင်စင်ခေတ္တဆိုင်းငံ့ခြင်း၊ လိုင်စင်သိမ်းယူခြင်းနှင့်စပ်လျဉ်း၍ အဖွဲ့သို့ သုံးသပ်တင်ပြခြင်း၊

(စ) ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများ၏ လုပ်ငန်းဆောင်ရွက်မှုအား မူဝါဒကြီးကြပ်ကွပ်ကဲခြင်းနှင့် ကြီးကြပ်မှုပေးခြင်းများအတွက် သင့်လျော်သည့် ကုန်ကျစရိတ်နှင့် အသုံးစရိတ်များ သတ်မှတ်ပြဋ္ဌာန်းခြင်း၊

(ဆ) အရည်အသွေးကောင်းမွန်သည့် ဝန်ဆောင်မှုများကြောင့် ပြည်သူများ၏ သဘောကျနှစ်ခြိုက်မှုကို ရရှိထားသည့် အစီအစဉ်များနှင့် ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှုလုပ်ငန်းများအား အသိအမှတ်ပြုခြင်း၊

(ဇ) ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဆိုင်ရာလုပ်ငန်းများတွင် လွတ်လပ်ပြီး တရားမျှတစွာ ယှဉ်ပြိုင်မှုရှိသည့် ဝန်းကျင်တစ်ခု ဖြစ်ထွန်းလာစေရန် အဖွဲ့၊ သက်ဆိုင်ရာ အစိုးရဌာနများ၊ လူမှုရေး၊ ပညာရေးအဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခြင်း၊

(ဈ) ကျွမ်းကျင်သော လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပေးခြင်း၊

(ည) ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပါဝင်လုပ်ဆောင်နေသူများ၏ အခွင့်အရေးနှင့် ရပိုင်ခွင့်များကို ကောင်စီ၏ စည်းမျဉ်းနှင့်အညီ ဆောင်ရွက်ပေးခြင်း၊

(ဋ) ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများ၏ စီးပွားရေးအရ ရှင်သန်ရပ်တည်နိုင်မှုကို အထောက်အကူပြုမည့် မျှတပြီး ကျိုးကြောင်းဆီလျော်မှုရှိသော အကျိုးခံစားခွင့်တစ်မျိုးမျိုးကို သတ်မှတ်ခြင်း၊

(ဌ) ကောင်စီဝင်များ၏ အခြားတာဝန်နှင့် လုပ်ပိုင်ခွင့်များကို အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ခြင်း။

၁၇။ ဥပဒေအရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်နှင့်အညီ ကောင်စီသည် အောက်ပါလုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရမည် -

(က) ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများတွင် အသုံးပြုမည့်လှိုင်းနှုန်းများနှင့် စပ်လျဉ်း၍ အဖွဲ့နှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း၊

(ခ) ကိုယ်ပိုင်အစီအစဉ်ထုတ်လုပ်ခြင်းနှင့် ယင်းအစီအစဉ်ကို ထုတ်လွှင့်ခြင်းလုပ်ငန်းကို လုပ်ကိုင်လျက်ရှိသည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှုလုပ်ငန်းများနှင့် အခြားသူများ၏ အစီအစဉ်များကို ဖြန့်ဝေသည့်လုပ်ငန်းကိုသာ လုပ်ကိုင်သည့် ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း အစီအစဉ်ဖြန့်ဖြူးရေး ဝန်ဆောင်မှုလုပ်ငန်းများအတွက် လိုင်စင်လျှောက်ထားခြင်းဆိုင်ရာ လုပ်ငန်းစဉ်နှင့် လုပ်ထုံးလုပ်နည်းများကို သီးခြားရေးဆွဲထုတ်ပြန်ခြင်း၊

(ဂ) ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်း၍ ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းလုပ်ငန်းဆိုင်ရာကျင့်ဝတ်နှင့် စည်းမျဉ်းစည်းကမ်းများကို ရေးဆွဲထုတ်ပြန်ခြင်း၊

(ဃ) ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများ၏ ကျင့်ဝတ်နှင့် စည်းမျဉ်းစည်းကမ်းများ၊ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေ၊ လိုင်စင်လျှောက်ထားစဉ်က ဖော်ပြထားသည့် အဆိုပြုချက်များနှင့် လိုင်စင်ပါ သတ်မှတ်ချက်များကို လုပ်ငန်းလိုင်စင်ရယူထားသည့် ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများက လေးစားလိုက်နာမှု ရှိ မရှိ စောင့်ကြည့်စစ်ဆေးခြင်း၊

(င) ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းတစ်ခုသည် ယင်း၏လုပ်ငန်းလိုင်စင်ဆိုင်ရာ သတ်မှတ်ချက်များ၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း လုပ်ငန်းဆိုင်ရာကျင့်ဝတ်များ၊ လုပ်ငန်းဆိုင်ရာ လိုက်နာရမည့်ကျင့်ဝတ်များနှင့် အစီအစဉ်ဆိုင်ရာ စံနှုန်းသတ်မှတ်ချက်များကို လေးစားလိုက်နာခြင်းမရှိဟု အများပြည်သူက တိုင်ကြားလာမှုများကို အရေးယူဖြေရှင်းဆောင်ရွက်ခြင်း၊ သီးခြားတိုင်ကြားမှုမရှိသော်လည်း အဆိုပါစည်းကမ်းသတ်မှတ်ချက်များကို လေးစားလိုက်နာမှုမရှိကြောင်း ကောင်စီက စစ်ဆေးတွေ့ရှိ၍ အရေးယူဖြေရှင်းဆောင်ရွက်ခြင်း၊

(စ) တိုင်ကြားမှုတွင် ပါဝင်ပတ်သက်သူများကို ခေါ်ယူခြင်း၊ လိုအပ်သည့် အထောက်အထားများနှင့် အချက်အလက်များကို တောင်းခံခြင်းတို့ အပါအဝင် စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်ခြင်း၊

(ဆ) ကောင်စီ၏ လုပ်ကိုင်ဆောင်ရွက်မှုများကို မီဒီယာများတွင် အချိန်မှန်ထုတ်ပြန်ပေးခြင်း၊

(ဇ) ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစီအစဉ်များနှင့် လှုပ်ရှားဆောင်ရွက်မှုများကို အဖွဲ့၊ အစိုးရအဖွဲ့အစည်းများ၊ ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများ၊ ယင်းလုပ်ငန်းနှင့်စပ်လျဉ်းသည့် ပညာရပ်ဆိုင်ရာအဖွဲ့အစည်းများ၊ လူမှုရေးဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း။

၁၈။ ကောင်စီဝင်များသည် -

(က) ကောင်စီ၏ လုပ်ပိုင်ခွင့်များနှင့် လုပ်ငန်းတာဝန်များကို လွတ်လပ်ပြီး သမာသမတ်ကျစွာ ဆောင်ရွက်ရမည်၊

(ခ) အများပြည်သူ အကျိုးစီးပွားအတွက် ရပ်တည်ရမည်ဖြစ်ပြီး မိမိကိုယ်ပိုင်အကျိုးစီးပွားအတွက် ဖြစ်စေ၊ အခြားပါတီ သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုအတွက်ဖြစ်စေ မိမိ၏လုပ်ပိုင်ခွင့်ကို အလွဲသုံးစား မပြုရ။

## အခန်း (၅)
## ကောင်စီ၏သက်တမ်းနှင့် တာဝန်မှရပ်စဲခြင်း

၁၉။ (က) ကောင်စီ၏သက်တမ်းသည် ငါးနှစ်ဖြစ်သည်။

(ခ) ကောင်စီဝင်များ၏သက်တမ်းသည် ကောင်စီ၏သက်တမ်းနှင့်အညီ ဖြစ်စေရမည်။

(ဂ) ကောင်စီဝင်များသည် ငါးနှစ်သက်တမ်း နှစ်ကြိမ်ထက်ပို၍ ဆောင်ရွက်ခွင့်မရှိစေရ။ သို့ရာတွင် သက်တမ်းကုန်ဆုံးပြီးဖြစ်သော်လည်း လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသော ကောင်စီဝင်သည် ဤဥပဒေအရ ကောင်စီဝင်အသစ် ခန့်အပ်ပြီးသည့်အချိန်အထိ မိမိလုပ်ငန်းတာဝန်များကို ဆက်လက်တာဝန်ထမ်းဆောင်ရမည်။

၂၀။ နိုင်ငံတော်သမ္မတသည် ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်တစ်ဦးဦးအား အောက်ပါ အကြောင်း တစ်ရပ်ရပ်နှင့် ငြိစွန်းပါက တာဝန်မှ ရပ်စဲနိုင်သည် -

(က) ပုဒ်မ ၈ နှင့် ပုဒ်မ ၉ အရ ကောင်စီဝင်အဖြစ် ခန့်အပ်ရန် အရည်အချင်းပြည့်မီမှုမရှိခြင်း၊

(ခ) မိမိကိုယ်ပိုင်အကျိုးစီးပွားအတွက်ဖြစ်စေ၊ အခြားပါတီ သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုအတွက် ဖြစ်စေ လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုခြင်း၊

(ဂ) ကောင်စီဝင်အဖြစ် တာဝန်ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် လုံလောက်သည့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာကျန်းမာကြံ့ခိုင်မှုမရှိခြင်း၊

(ဃ) အကြောင်းတစ်ခုခုဖြင့် တစ်ဆက်တည်း ငါးလထက်ပို၍ တာဝန်မထမ်းဆောင်နိုင်ဘဲ ပျက်ကွက်ခြင်း။

၂၁။ ကောင်စီဝင်တစ်ဦးဦးသည် ရာထူးသက်တမ်းမကုန်ဆုံးမီ အကြောင်းတစ်ခုခုကြောင့် မိမိသဘော ဆန္ဒအလျောက် ရာထူးမှ နုတ်ထွက်လိုလျှင် ထိုသို့ နုတ်ထွက်လိုကြောင်း နိုင်ငံတော်သမ္မတထံ စာဖြင့်တင်ပြပြီး ရာထူးမှ နုတ်ထွက်နိုင်သည်။

၂၂။ ကောင်စီဝင်တစ်ဦးသည် ပုဒ်မ ၂၀ အရ တာဝန်မှ ရပ်စဲခံရသည့် အခါတွင် ဖြေရှင်းဆောင်ရွက်ခွင့် ရှိသည်။

၂၃။ ရာထူးမှ နုတ်ထွက်ခြင်းကြောင့်ဖြစ်စေ၊ တာဝန်မှ ရပ်စဲခံရခြင်းကြောင့်ဖြစ်စေ၊ ကွယ်လွန်ခြင်းကြောင့် ဖြစ်စေ၊ အခြားအကြောင်းတစ်ခုခုကြောင့်ဖြစ်စေ ကောင်စီဝင်ရာထူးနေရာလစ်လပ်လျှင် ကောင်စီဝင်များ ခန့်အပ်တာဝန်ပေးခြင်းနှင့်စပ်လျဉ်း၍ ဤဥပဒေပါ သက်ဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ လစ်လပ်သည့် ရာထူးနေရာတွင် ဖြည့်စွက်ခန့်ထားနိုင်သည်။ ထိုသို့ဖြည့်စွက်ခန့်ထားခြင်းခံရသည့် ပုဂ္ဂိုလ်၏ ရာထူး သက်တမ်းသည် မူလကောင်စီဝင်၏ ကျန်ရှိသည့် ရာထူးသက်တမ်းအတွက်သာ ဖြစ်စေရမည်။ မူလ ကောင်စီဝင်၏ ရာထူးသက်တမ်း အနည်းဆုံး ခြောက်လကျန်ရှိမှသာ ဖြည့်စွက်ခန့်ထားရမည်။

## အခန်း (၆)
## ကောင်စီ၏ လုပ်ငန်းစည်းမျဉ်းများ၊ ရုံးအဖွဲ့နှင့် ရန်ပုံငွေ

၂၄။ ကောင်စီသည် -

(က) လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် အစည်းအဝေးကို အနည်းဆုံး တစ်လ တစ်ကြိမ် ကျင်းပ ရမည်။ အစည်းအဝေးကို ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌမရှိလျှင် ဒုတိယဥက္ကဋ္ဌ သို့မဟုတ် အနည်းဆုံး အဖွဲ့ဝင်သုံးဦး၏ တောင်းဆိုချက်အရ ခေါ်ယူကျင်းပရမည်။

(ခ) အစည်းအဝေးများအားလုံးတွင် ဥက္ကဋ္ဌက သဘာပတိအဖြစ် ဆောင်ရွက်မည်။ ဥက္ကဋ္ဌမရှိလျှင် ဒုတိယဥက္ကဋ္ဌက သဘာပတိအဖြစ် ဆောင်ရွက်မည်။ နှစ်ဦးစလုံးမရှိလျှင် တက်ရောက်လာသည့် အဖွဲ့ဝင်များမှ တစ်ဦးကို သဘာပတိအဖြစ် သတ်မှတ်ရမည်။

(ဂ) သဘာပတိမှတစ်ပါး အစည်းအဝေးတက်ရောက်သူ ကောင်စီဝင်လေးဦးရှိလျှင် အစည်းအဝေး အထမြောက်သည်။

(ဃ) ကောင်စီက သတ်မှတ်ထားသည့်ပုံစံအတိုင်း အစည်းအဝေးမှတ်တမ်းများ ရေးသားရန် အဖွဲ့ဝင်တစ်ဦးအား သတ်မှတ်တာဝန်ပေးရမည်။ ယင်းမှတ်တမ်းကို အတည်ပြုရန် နောက်တစ်ကြိမ်အစည်းအဝေး၌ တင်ပြရမည်ဖြစ်ပြီး အစည်းအဝေးသဘာပတိနှင့် မှတ်တမ်းတင်သူတို့က လက်မှတ်ရေးထိုးရမည်။

၂၅။ ကောင်စီသည် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို တက်ရောက်လာသည့် အဖွဲ့ဝင်များ၏ ဆန္ဒမဲပေါ်တွင် အခြေခံ၍ ဆုံးဖြတ်ရမည်။ ဆန္ဒမဲအရေအတွက် တူညီနေပါက ကောင်စီဥက္ကဋ္ဌ၏မဲဖြင့် ဆုံးဖြတ်ရမည်။

၂၆။ ကောင်စီသည် သတ်မှတ်ချက်နှင့်အညီ ရုံးအဖွဲ့ကို ဖွဲ့စည်းနိုင်သည်။

၂၇။ ကောင်စီသည် ရုံးအဖွဲ့အတွက် လိုအပ်သော ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများ၊ လစာစရိတ်နှင့် ခံစားခွင့်များကို သတ်မှတ်ပေးရမည်။

၂၈။ ရုံးအဖွဲ့သည် လုပ်ငန်းတာဝန်ထမ်းဆောင်ရာတွင် ကောင်စီ၏ ညွှန်ကြားချက်နှင့်အညီ ရုံးအဖွဲ့အကြီးအကဲ၏ ဦးဆောင်မှုဖြင့် ဆောင်ရွက်ရမည်။

၂၉။ ကောင်စီသည် အောက်ပါရန်ပုံငွေများကို လက်ခံနိုင်သည် -

(က) နိုင်ငံတော်၏ထောက်ပံ့ငွေ၊

(ခ) နှောင်ကြိုးမဲ့အခြားလှူဒါန်းမှုများ၊

(ဂ) ဝန်ဆောင်မှုမှရငွေများ။

၃၀။ ကောင်စီ၏နှစ်စဉ် အရအသုံးခန့်မှန်းခြေငွေစာရင်းအား ဝန်ကြီးဌာန၏ အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် ပါဝင်ရေးဆွဲရမည်။ သို့ရာတွင် ယင်းသို့ပါဝင်ရေးဆွဲခြင်းကြောင့် ကောင်စီသည် ဝန်ကြီးဌာန၏ အုပ်ချုပ်ရေးအာဏာလွှမ်းမိုးမှုနှင့် ထိန်းချုပ်မှုအောက်တွင် ရှိသည်ဟူ၍ အဓိပ္ပာယ်သက်ရောက်ခြင်းမရှိစေရ။

၃၁။ ကောင်စီမှတင်သွင်းသည့် ကောင်စီ၏ နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်းကို ဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့ထံ တင်ပြ၍ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။ ယင်း၏အသုံးစရိတ်များကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းထားသည့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့်အညီ သုံးစွဲရမည်။

၃၂။ (က) ကောင်စီသည် နှစ်စဉ်အစီရင်ခံစာအား ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ စစ်ဆေးပြီးသော စာရင်းများနှင့်အတူ အများပြည်သူအား အသိပေးရမည်။ နှစ်စဉ် အစီရင်ခံစာတွင် အောက်ဖော်ပြပါ အချက်အလက်များ ပါဝင်ရမည် -

(၁) ပြီးခဲ့သောနှစ်အတွက် ရည်မှန်းချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေနှင့် လာမည့်နှစ်အတွက် ရည်မှန်းချက်များ၊

(၂) ပြီးခဲ့သောနှစ်အတွင်း အဓိကအောင်မြင်မှုများ၊

(၃) နှစ်စဉ်ဝင်ငွေနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးချက်အကျဉ်းချုပ်နှင့် ဘဏ္ဍာရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာသတင်းအချက်အလက်များ၊

(၄) လာမည့်နှစ်အတွက် ရသုံးခန့်မှန်းခြေငွေစာရင်း၊

(၅) အများပြည်သူထံမှ တိုင်ကြားချက်များ၊ အကြံပြုချက်များ၊ အရေးယူဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်သော အချက်အလက်များ။

(ခ) ကောင်စီသည် မိမိ၏ နှစ်စဉ်အစီရင်ခံစာကို နိုင်ငံတော်သမ္မတနှင့် ဝန်ကြီးဌာနသို့ အစီရင်ခံတင်ပြရမည်။

## အခန်း (၇)
## ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်

၃၃။ ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်လိုသည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက အဖွဲ့အစည်းကို ကိုယ်စားပြုသောပုဂ္ဂိုလ်သည် သက်ဆိုင်ရာလုပ်ငန်းကို စတင်လုပ်ကိုင်ခြင်းမပြုမီ ကောင်စီမှတစ်ဆင့် အဖွဲ့သို့ လုပ်ငန်းလိုင်စင်လျှောက်ထားရမည်။

၃၄။ လိုင်စင်ရရှိပြီးနောက် သက်ဆိုင်ရာ ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းသည် လိုင်စင်ထုတ်ပေးသည့်နေ့ရက်မှစ၍ တစ်နှစ်အတွင်း ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်ရမည်။

၃၅။ လိုင်စင်ကို အခြားသူ သို့မဟုတ် အခြားအဖွဲ့အစည်းသို့ လွှဲပြောင်းပေးလိုပါက ကောင်စီနှင့် အဖွဲ့၏ သဘောတူခွင့်ပြုချက်ကို ကြိုတင်ရယူပြီးမှသာ ဆောင်ရွက်နိုင်သည်။

၃၆။ (က) ကောင်စီသည် ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဆိုင်ရာမူဝါဒ၊ သက်ဆိုင်ရာလုပ်ငန်းများ၏ အကျိုးအမြတ်နှင့် ဈေးကွက်အခြေအနေတို့ကို အခြေခံပြီး ပြည်သူလူထုအကျိုးစီးပွားအတွက် လိုင်စင်သစ်များ ချထားပေးရာတွင် အောက်ပါမူဝါဒအတိုင်း ဆောင်ရွက်ရမည် -

(၁) လူဦးရေသိပ်သည်းမှုများပြားသောဒေသများ၌ စီးပွားရေးအရ ထုတ်လွှင့်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများအတွက် ဈေးပြိုင်စနစ်ကျင့်သုံးရေးအတွက် အဖွဲ့သို့ ထောက်ခံတင်ပြခြင်း၊

(၂) လူဦးရေသိပ်သည်းမှုနည်းပါးသောဒေသများ သို့မဟုတ် သက်ဆိုင်ရာလူမှုအသိုက်အဝန်းအတွက် ရည်ရွယ်သည့် စီးပွားဖြစ်မဟုတ်သည့် ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းလိုင်စင် လျှောက်ထားခြင်းကို ထောက်ခံတင်ပြခြင်း၊

(၃) သက်ဆိုင်ရာရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်နှင့် သက်ဆိုင်သောကိစ္စရပ်များကို အခါအားလျော်စွာ ထုတ်ပြန်ကြေညာခြင်း။

(ခ) လျှောက်ထားသူသည် အောက်ပါ စာရွက်စာတမ်းများကို တင်သွင်းလျှောက်ထားရမည် -

(၁) လုပ်ငန်းအမည်နှင့် လုပ်ငန်းမှတ်ပုံတင်လက်မှတ်၊

(၂) အသေးစိတ်အချက်အလက်များပါဝင်သည့် လုပ်ငန်းစီမံချက်၊

(၃) နည်းပညာပိုင်းဆိုင်ရာအသေးစိတ်စီမံချက်၊

(၄) အစီအစဉ်တင်ဆက်မှုစီမံချက်၊

(၅) ကောင်စီက အခါအားလျော်စွာ သတ်မှတ်သည့် အခြားလိုအပ်ချက်များ။

၃၇။ (က) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်လျှောက်ထားမှုအား ထိုက်တန်မှုရှိ၊ မရှိကို သုံးသပ်ရာတွင် အောက်ပါသတ်မှတ်ချက်များကို ကောင်စီက ထည့်သွင်းစဉ်းစားမည် -

(၁) ဘဏ္ဍာရေးဖြစ်နိုင်ခြေရှိမှုနှင့် စီးပွားရေးဆိုင်ရာအလားအလာများ၊

(၂) နည်းပညာပိုင်းဖြစ်နိုင်ခြေရှိမှု၊

(၃) လျှောက်ထားသူ၏ ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းနှင့် ယင်းနှင့် ဆက်စပ်သည့် လုပ်ငန်းနယ်ပယ်ဆိုင်ရာအတွေ့အကြုံ၊

(၄) မြန်မာနိုင်ငံတွင် ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများ ကြီးထွားလာစေရေးနှင့် ဖွံ့ဖြိုးလာစေရေးတို့အတွက် အကျိုးပြုနိုင်မည့် အလားအလာအား ဖော်ညွှန်းပေးနိုင်မှု၊

(၅) အစီအစဉ်များ၏ အရည်အသွေး မြင့်မားတိုးတက်လာစေရန်နှင့် အကြောင်းအရာပိုင်းဆိုင်ရာ မတူကွဲပြားမှုများကို တင်ဆက်နိုင်ရေး အကျိုးပြုနိုင်မည့် အလားအလာအား ဖော်ညွှန်းပေးနိုင်မှု၊

(၆) မီဒီယာလုပ်ငန်းများ ပိုင်ဆိုင်မှုအရေအတွက်၊ ပိုင်ဆိုင်မှုပုံသဏ္ဍာန်နှင့် အနေအထား၊

(၇) မီဒီယာပိုင်ဆိုင်မှုတွင် အများပြည်သူ၏ သဘောထားအမြင်များကို ဖော်ဆောင်သည့် မီဒီယာဗဟုဝါဒနှင့် မတူကွဲပြားမှုများအား ခိုင်မာအားကောင်းလာစေသည့် အားထုတ်ကြိုးပမ်းမှု၊

(၈) သင့်လျော်သည့် အမိန့်များထုတ်ပြန်ရေးအတွက် ကောင်စီက သတ်မှတ်ထားသည့် အခြားသတ်မှတ်ချက်များ။

( ခ ) လိုင်စင်လျှောက်ထားစဉ်က ပါဝင်သည့် နည်းပညာပိုင်းဆိုင်ရာ အဆိုပြုချက်များနှင့် အစီအစဉ်ပိုင်းဆိုင်ရာ အဆိုပြုချက်များကို လိုင်စင်လျှောက်ထားစဉ်ကအတိုင်း ပြောင်းလဲခြင်း မပြုရ။

၃၈။ ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများသည် လုပ်ငန်းလိုင်စင်ကြေးများကို ကောင်စီ၏ ငွေစာရင်းမှတစ်ဆင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည်။

၃၉။ ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်များ၏ သက်တမ်းမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) **အများပြည်သူဝန်ဆောင်မှု ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းလုပ်ငန်း**

(၁) ရေဒီယိုအသံထုတ်လွှင့်ခြင်းလုပ်ငန်းလိုင်စင် ခုနစ်နှစ်၊

(၂) ရုပ်မြင်သံကြားထုတ်လွှင့်ခြင်းလုပ်ငန်းလိုင်စင် ၁၀ နှစ်။

( ခ ) **စီးပွားရေးအရထုတ်လွှင့်သည့် ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်း**

(၁) ရေဒီယိုအသံထုတ်လွှင့်ခြင်းလုပ်ငန်းလိုင်စင် ခုနစ်နှစ်၊

(၂) ရုပ်မြင်သံကြားထုတ်လွှင့်ခြင်းလုပ်ငန်းလိုင်စင် ၁၀ နှစ်။

( ဂ ) **စီးပွားဖြစ်မဟုတ်သည့် ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်း**

(၁) ရေဒီယိုအသံထုတ်လွှင့်ခြင်းလုပ်ငန်းလိုင်စင် ခုနစ်နှစ်၊

(၂) ရုပ်မြင်သံကြားထုတ်လွှင့်ခြင်းလုပ်ငန်းလိုင်စင် ၁၀ နှစ်။

(ဃ) **ဌာနပိုင် ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်း**

(၁) ရေဒီယိုအသံထုတ်လွှင့်ခြင်းလုပ်ငန်းလိုင်စင် ခုနစ်နှစ်၊

(၂) ရုပ်မြင်သံကြားထုတ်လွှင့်ခြင်းလုပ်ငန်းလိုင်စင် ၁၀ နှစ်။

( င ) **ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းအစီအစဉ် ဖြန့်ဖြူးရေးဝန်ဆောင်မှုလုပ်ငန်း**

(၁) လုပ်ငန်းလိုင်စင် ၁၅ နှစ်။

၄၀။ ကောင်စီ၏ ထောက်ခံချက်ဖြင့် အဖွဲ့သည် လိုင်စင်များကို သက်တမ်းတိုးပေးမည်။ ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းလုပ်ငန်းလိုင်စင်သက်တမ်းတိုးပေးရန် လျှောက်ထားချက်ကို လက်ခံရရှိသည့်အခါ လိုင်စင်

သက်တမ်းကာလအတွင်း အောက်ပါအချက်တစ်ရပ်ရပ်နှင့် ငြိစွန်းပါက ကောင်စီသည် သက်တမ်းတိုး ထောက်ခံချက်ထုတ်ပေးရန် ငြင်းပယ်နိုင်သည် -

(က) ဤဥပဒေနှင့် နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များကိုလည်းကောင်း၊ ကောင်စီ၏မူဝါဒ၊ စည်းမျဉ်း စည်းကမ်းများနှင့် လိုင်စင်ပါ စည်းကမ်းချက်များကိုလည်းကောင်း ဖောက်ဖျက်ခြင်း၊

(ခ) လိုင်စင်သက်တမ်းအတွင်း တစ်နည်းနည်းဖြင့် မသမာမှုတစ်ခုခုကို ကျူးလွန်ကြောင်း တွေ့ရှိရခြင်း၊

(ဂ) အများပြည်သူအကျိုးစီးပွားနှင့်ဆန့်ကျင်သော လိုင်စင်သက်တမ်းတိုးပေးရန် မသင့်သည့်အကြောင်း တစ်ရပ်ရပ် ပေါ်ပေါက်ခြင်း။

၄၁။ ကောင်စီသည် -

(က) ပုဒ်မ ၄၀ ပါ အကြောင်းတစ်ရပ်ရပ်နှင့် ငြိစွန်းခြင်းမရှိပါက ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းလိုင်စင် သက်တမ်းတိုးနိုင်ရန် ထောက်ခံချက် ထုတ်ပေးရမည်။

(ခ) ပုဒ်မခွဲ (က) အရ ထောက်ခံချက်ထုတ်ပေးရာတွင် အောက်ပါအချက်များကို ထည့်သွင်းစဉ်းစား နိုင်သည်။ လိုင်စင်သက်တမ်းအတွင်း -

(၁) တင်ဆက်သော အစီအစဉ်များ၏ အရည်အသွေးမြင့်မားမှု၊ အမျိုးအစားစုံလင်မှုနှင့် ကွဲပြား ခြားနားမှု၊

(၂) နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် တာဝန်သိစိတ်ဖြင့် ဆောင်ရွက်နိုင်မှု၊

(၃) မီဒီယာပိုင်ဆိုင်မှုတွင် အများပြည်သူ၏ သဘောထားအမြင်များကို ဖော်ဆောင်သည့် မီဒီယာ ဗဟုဝါဒနှင့် မတူကွဲပြားခြားနားသည့် မီဒီယာအမျိုးအစားများအပေါ်တွင် အကျိုး သက်ရောက်မှု။

၄၂။ အဖွဲ့သည် အောက်ပါအခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်ပါက ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ကို ရုပ်သိမ်းနိုင်သည် -

(က) လိုင်စင်ရရှိပြီး နေ့ရက်မှစတင်၍ တစ်နှစ်အတွင်း ပုံမှန်ထုတ်လွှင့်နိုင်မှု မရှိခြင်း၊

(ခ) ကောင်စီနှင့် အဖွဲ့၏ ခွင့်ပြုချက်မရရှိဘဲ သုံးလထက်ကျော်လွန်၍ ရုပ်မြင်သံကြားနှင့်အသံ ထုတ်လွှင့်ခြင်းကို ဆိုင်းငံ့ထားခြင်း သို့မဟုတ် ရပ်ဆိုင်းထားခြင်း၊

(ဂ) ကောင်စီနှင့် အဖွဲ့၏ ကြိုတင်ခွင့်ပြုချက်မရှိဘဲ ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှု လုပ်ငန်းလိုင်စင်ကို အခြားပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသို့ လွှဲပြောင်းပေးခြင်း၊

(ဃ) ခွဲဝေသတ်မှတ်ပေးထားသည့် ရေဒီယိုလှိုင်းနှုန်းစဉ်များနှင့် လွှမ်းခြုံထုတ်လွှင့်ရမည့် ဧရိယာများ၊ ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းနည်းပညာနှင့် ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဆိုင်ရာ ပစ္စည်းများအတွက် စက်မှုပိုင်းဆိုင်ရာအခြေခံလိုအပ်ချက်များ၊ အစီအစဉ်ပိုင်းဆိုင်ရာစံချိန် စံညွှန်းများ၊ အခန်း (၉) ပါ ပြဋ္ဌာန်းချက်များနှင့် ဤဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ဖောက်ဖျက်ခြင်း။

၄၃။ လိုင်စင် သက်တမ်းကုန်ဆုံးပြီးနောက် ရက်ပေါင်း ၄၅ ရက်အတွင်း သက်တမ်းတိုးရမည်။ ရက်ပေါင်း ၄၅ ရက်အတွင်း သက်တမ်းတိုးခြင်းမပြုပါက လုပ်ငန်းဆက်လက်ဆောင်ရွက်ခွင့်ကို ရပ်စဲနိုင်သည်။

၄၄။ ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းသည် သက်ဆိုင်ရာထုတ်လွှင့်မှုကို မည်သည့်အကြောင်းကြောင့်ဖြစ်စေ ၁၂ လ တစ်ဆက်တည်း ဆိုင်းငံ့ထားခြင်း သို့မဟုတ် ရပ်ဆိုင်းထားခြင်း ပြုလျှင် ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်သည် အလိုအလျောက် ပျက်ပြယ်သည်။

၄၅။ ကောင်စီသည် အများပြည်သူဝန်ဆောင်မှု ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်း၊ စီးပွားဖြစ်မဟုတ်သည့် ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းနှင့် ဌာနပိုင်ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းတို့ကို လိုင်စင်ကြေးပေးဆောင်ရခြင်းမှ ကင်းလွတ်ခွင့်ပြုရမည်။

**အခန်း (၈)**

**ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှုလုပ်ငန်းများ**

**အများပြည်သူဝန်ဆောင်မှု ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းလုပ်ငန်း**

၄၆။ အများပြည်သူဝန်ဆောင်မှုမီဒီယာဥပဒေအရ အများပြည်သူဝန်ဆောင်မှု ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းလုပ်ငန်းအဖြစ်သို့ ပြောင်းလဲဖော်ဆောင်သည့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အများပြည်သူဝန်ဆောင်မှု ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းလုပ်ငန်းတစ်ခုဖြစ်သည်။ ယင်းဝန်ဆောင်မှုလုပ်ငန်းသည် ပြည်သူအတွက်ဖြစ်ပြီး ပြည်သူ့ရန်ပုံငွေဖြင့် လည်ပတ်၍ ပြည်သူက ကြီးကြပ်ကွပ်ကဲခြင်းပြုသည်။ ယင်းသည် နိုင်ငံရေးအရ စွက်ဖက်မှုနှင့် စီးပွားရေးအင်အားစုများ၏ ဖိအားမှကင်းလွတ်သည့် အဖွဲ့အစည်းဖြစ်သည်။ အများပြည်သူဝန်ဆောင်မှု ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းလုပ်ငန်းမှတစ်ဆင့် နိုင်ငံသားများအား ပြန်ကြားပေးခြင်း၊ ပညာပေးခြင်းနှင့် ဖျော်ဖြေပေးခြင်းကို ဆောင်ရွက်သည်။

၄၇။ အများပြည်သူဝန်ဆောင်မှု ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းလုပ်ငန်းကို အများပြည်သူဝန်ဆောင်မှုမီဒီယာဥပဒေနှင့်အညီ မူဝါဒကြီးကြပ်သည်။

**စီးပွားရေးအရထုတ်လွှင့်သည့် ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများ**

၄၈။ စီးပွားရေးအရ ထုတ်လွှင့်သည့် ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများတွင် စီမံခန့်ခွဲမှုဆိုင်ရာ အဆင့်မြင့်ရာထူးအဆင့်အတွက် နိုင်ငံခြားသားများအား ဆောင်ရွက်ခွင့်မပြု။ သို့ရာတွင် အထူးကျွမ်းကျင်မှုလိုအပ်သော ရာထူးများအတွက် နိုင်ငံခြားသားပညာရှင်များကို ငှားရမ်းအသုံးပြုနိုင်သည်။

၄၉။ စီးပွားရေးအရ ထုတ်လွှင့်သည့် ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများကို တရားဝင်မှတ်ပုံတင်ထားသည့် မြန်မာနိုင်ငံသားများက မတည်ရင်းနှီးခွင့်နှင့် ပိုင်ဆိုင်ခွင့်ရှိပြီး စုစုပေါင်းမတည်ရင်းနှီးငွေ၏ ၁၀ ရာခိုင်နှုန်းထက်မပိုသော ရင်းနှီးမြှုပ်နှံမှုဖြင့် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားအဖွဲ့အစည်းများ၏ ရင်းနှီးမြှုပ်နှံမှုကိုလည်း ခွင့်ပြုနိုင်သည်။

၅၀။ လိုင်စင်လျှောက်ထားသည့်အခါ လျှောက်ထားသူများသည် ယင်းအဖွဲ့အစည်း၏ ပိုင်ဆိုင်မှုပုံသဏ္ဍာန်နှင့် အနေအထားကို ကောင်စီနှင့် အများပြည်သူ့ထံသို့ လူထုဆက်သွယ်ရေးမီဒီယာများမှတစ်ဆင့် တင်ပြရမည်။ လိုင်စင်ခွင့်ပြုချက် ရရှိပြီးနောက် ပိုင်ဆိုင်မှုအနေအထား ငါးရာခိုင်နှုန်းပြောင်းလဲမှုရှိသည့်အခါတိုင်း ကောင်စီသို့ တင်ပြပြီး ခွင့်ပြုချက်ရယူရမည်။

၅၁။ စီးပွားရေးအရထုတ်လွှင့်သည့် မည်သည့်ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းကိုမဆို ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အနေဖြင့်ဖြစ်စေ၊ စီးပွားရေးအဖွဲ့အစည်းတစ်ခုအနေဖြင့်ဖြစ်စေ ဆောင်ရွက်မည်ဆိုပါက သတ်မှတ်ထားသည့် ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်မှုဇုန်တစ်ခုအတွင်း ရုပ်မြင်သံကြားထုတ်လွှင့်ခြင်းလုပ်ငန်းနှင့် ရေဒီယိုအသံထုတ်လွှင့်ခြင်းလုပ်ငန်းတစ်ခုစီထက်ပို၍ ပိုင်ဆိုင်ခွင့်မပြု။ သို့ရာတွင် ဤပြဋ္ဌာန်းချက်သည် ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းအစီအစဉ်များ၊ ဖြန့်ဖြူးရေးဝန်ဆောင်မှုလုပ်ငန်းနှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများကို ပူးတွဲလုပ်ဆောင်ခြင်းနှင့် မသက်ဆိုင်စေရ။

၅၂။ ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်မှုဇုန်တစ်ခုတွင် ပုဂ္ဂလိကသတင်းစာလုပ်ငန်းနှင့် ပုဂ္ဂလိကရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှုလုပ်ငန်းများ ပူးတွဲပိုင်ဆိုင်ခြင်းကို ခွင့်မပြု။

၅၃။ ပုဒ်မ ၅၁ နှင့် ၅၂ တွင် ဖော်ပြထားသည့် မီဒီယာဈေးကွက်ရှာခြင်းနှင့် ပူးတွဲပိုင်ဆိုင်မှု ကန့်သတ်ထိန်းချုပ်ခြင်းများနှင့်စပ်လျဉ်း၍ လိုအပ်သည့် လုပ်ထုံးလုပ်နည်းများနှင့်လုပ်ငန်းဆိုင်ရာ လိုက်နာရမည့်ကျင့်ဝတ်များကို အဖွဲ့က ထုတ်ပြန်နိုင်ရန် ကောင်စီက အကြံပြုရေးဆွဲတင်ပြရမည်။

၅၄။ စီးပွားရေးအရထုတ်လွှင့်သည့် ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းလုပ်ငန်းများသည် အောက်ပါလုပ်ငန်းများမှ ဝင်ငွေကို လက်ခံနိုင်သည် -

(က) စီးပွားရေးဆိုင်ရာ ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများ၊

(ခ) ကူညီပံ့ပိုးမှု၊

(ဂ) ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းလုပ်ငန်းနှင့် ဆက်နွှယ်သော အခြားလုပ်ငန်းများ။

၅၅။ ဘဏ္ဍာရေးနှစ် တစ်နှစ်ကုန်ဆုံးသည့်အခါတိုင်း စီးပွားရေးအရ ထုတ်လွှင့်သည့် ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများသည် နှစ်ချုပ်အစီရင်ခံစာကို ကောင်စီက သတ်မှတ်ထားသည့်ပုံစံအတိုင်း တင်သွင်းရမည်။ ကောင်စီသည် ယင်းနှစ်ချုပ်ဘဏ္ဍာရေးအစီရင်ခံစာအား လျှို့ဝှက်အဆင့်သတ်မှတ်သိမ်းဆည်းထားရမည်။ အစီရင်ခံစာတွင် အောက်ပါအချက်များ ပါဝင်ရမည် -

(က) ဈေးကွက်အခြေအနေ၊ ရှယ်ယာဝင်များ၏ အမည်စာရင်း၊ အမြတ်ဝေစုခွဲဝေမှုရာခိုင်နှုန်း၊ လုပ်ငန်းလည်ပတ်မှုရလဒ်များ စသည်တို့ အပါအဝင် လုပ်ငန်းလည်ပတ်မှုနှင့် ဘဏ္ဍာရေးဆိုင်ရာ အချက်အလက်များ၊

(ခ) ဒါရိုက်တာအဖွဲ့ဝင်များနှင့် အမှုဆောင်အရာရှိများ ပေါင်းစပ်ဖွဲ့စည်းမှု၊

(ဂ) ကုမ္ပဏီဖွဲ့စည်းအုပ်ချုပ်ပုံစနစ်၊

(ဃ) အထောက်အထားများ၊ အစီအစဉ်ဇယားများ၊

(င) ကောင်စီမှ လိုအပ်သည့် အခြားသတင်းအချက်အလက်များ။

**စီးပွားဖြစ်မဟုတ်သည့် ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှုလုပ်ငန်းများ**

၅၆။ စီးပွားဖြစ်မဟုတ်သည့် ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများသည် အောက်ပါအချက်များကို အခြေခံ၍ ဆောင်ရွက်ရမည် -

(က) ယင်းလုပ်ငန်းသည် နိုင်ငံရေးနှင့် စီးပွားရေးအကျိုးအမြတ်အတွက် ဆောင်ရွက်သည့် လုပ်ငန်းမဟုတ်သည့်အပြင် နိုင်ငံရေးနှင့် စီးပွားရေးအကျိုးအမြတ်တစ်ခုခုအတွက် လုပ်ငန်းဆောင်ရွက်သည့် အဖွဲ့အစည်းတစ်ခု၏ အစိတ်အပိုင်းလည်း မဖြစ်စေရ၊

(ခ) အဓိကဦးတည်ချက်သည် သတ်မှတ်အဝန်းအဝိုင်းနှင့် လူ့အဖွဲ့အစည်းအတွက် ပြန်ကြားရေး၊ ပညာပေးရေးနှင့် ဖျော်ဖြေရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်ဖြစ်သည်၊

(ဂ) ယင်းအဖွဲ့အစည်းသည် သတ်မှတ်အဝန်းအဝိုင်းနှင့် လူ့အဖွဲ့အစည်းနှင့် ဆက်စပ်မှုရှိကြောင်း ကောင်စီက ကျေနပ်လက်ခံနိုင်စေမည့် လုံလောက်သည့် အထောက်အထားကို ပြသရမည်။

၅၇။ ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းလုပ်ငန်းများအတွက် သတ်မှတ်ခွဲဝေပေးထားသည့် လှိုင်းနှုန်း၏ အနည်းဆုံး ၂၀ ရာခိုင်နှုန်းကို စီးပွားဖြစ်မဟုတ်သည့် ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှုလုပ်ငန်းများအတွက် လျာထားရမည်။

၅၈။ ကောင်စီသည် စီးပွားဖြစ်မဟုတ်သည့် ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများ ထူထောင်ရေးအတွက် အားပေးရန်နှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးနိုင်ရန် ရိုးရှင်းလွယ်ကူသည့် လိုင်စင်ဆိုင်ရာ မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများကို ရေးဆွဲထုတ်ပြန်ရမည်။

၅၉။ စီးပွားဖြစ်မဟုတ်သည့် ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများသည် အောက်ပါတို့မှ ဝင်ငွေကို လက်ခံနိုင်သည် -

(က) သက်ဆိုင်ရာဒေသခံများ၏ စေတနာအလျောက် ထည့်ဝင်လှူဒါန်းမှုများ၊

(ခ) ပြည်တွင်း၊ ပြည်ပမှ ပူးပေါင်းဆောင်ရွက်သူများ၏ နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ ကြိုတင်ပြဋ္ဌာန်းချက်များ မပါဝင်သော နှောင်ကြိုးမဲ့လှူဒါန်းမှုများ၊

(ဂ) ဒေသဆိုင်ရာကြော်ငြာများမှ ရရှိသောဝင်ငွေများ၊

(ဃ) ထုတ်ကုန်ပစ္စည်းများ ရောင်းချခြင်းမှရရှိသော အမြတ်အစွန်းများ၊

(င) ယင်းတို့၏လုပ်ငန်းနှင့်သက်ဆိုင်၍ ဥပဒေနှင့်အညီ ရရှိသော ဝင်ငွေများ။

၆၀။ စီးပွားဖြစ်မဟုတ်သည့် ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများသည် ဘဏ္ဍာရေးနှစ်တစ်နှစ် ကုန်ဆုံးတိုင်း စာရင်းအမှန်အဖြစ် တတ်နိုင်သမျှ တိုက်ဆိုင်စစ်ဆေးထားပြီးဖြစ်သည့် နှစ်ချုပ်ဘဏ္ဍာရေးအစီရင်ခံစာများကို ကောင်စီသို့ တင်သွင်းကြရမည်။

၆၁။ သက်ဆိုင်ရာလူမှုအသိုက်အဝန်း၏ အကျိုးစီးပွားကို ဖော်ဆောင်နိုင်မည့် အစီအစဉ်များနှင့် မူဝါဒများကို ဆွေးနွေးညှိနှိုင်းရန်၊ အခက်အခဲများ၊ ပြဿနာများနှင့် ယင်းတို့ကို ကိုင်တွယ်ဖြေရှင်းနည်းများကို စုပေါင်းညှိနှိုင်းသုံးသပ်ရန်နှင့် ဘဏ္ဍာရေးအခြေအနေ အပါအဝင် လုပ်ငန်းဆောင်ရွက်ပြီးမြောက်မှု အစီရင်ခံစာများကို တင်ပြနိုင်ရန် စီးပွားဖြစ်မဟုတ်သည့် ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများသည် သက်ဆိုင်ရာလူမှုအသိုက်အဝန်းတွင် ပါဝင်သူများနှင့် အနည်းဆုံး တစ်နှစ် တစ်ကြိမ် စုံညီအစည်းအဝေးပွဲများကို ပုံမှန်ကျင်းပပေးရမည်။

**ဌာနပိုင် ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှုလုပ်ငန်းများ**

၆၂။ ဌာနပိုင် ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများသည် အောက်ပါတို့မှ ဝင်ငွေကို လက်ခံနိုင်သည် -

(က) နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေ၊

(ခ) ကြော်ငြာခရငွေ၊

(ဂ) ထုတ်ကုန်ပစ္စည်းများ ရောင်းချခြင်းမှ ရရှိသောဝင်ငွေ။

၆၃။ ဌာနပိုင် ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများ အားလုံးသည် နှစ်ချုပ်အစီရင်ခံစာကို ကောင်စီသို့ တင်သွင်းရမည်ဖြစ်သည်။ ယင်းအစီရင်ခံစာ၌ ပုဒ်မ ၅၅ တွင် ဖော်ပြထားသည့် ကဏ္ဍများနှင့်စပ်လျဉ်းသည့် အချက်အလက်များ ပါဝင်ရမည်။

**ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းအစီအစဉ် ဖြန့်ဖြူးရေးဝန်ဆောင်မှုလုပ်ငန်းများ**

၆၄။ မူရင်းရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းလုပ်ငန်းများမှ ထုတ်လုပ်ပြီး ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းအစီအစဉ် ဖြန့်ဖြူးရေးဝန်ဆောင်မှုလုပ်ငန်းများမှ ဖြန့်ဖြူးသည့် အစီအစဉ်များအတွက် ကောင်စီမှ သတ်မှတ်သည့် အစီအစဉ်ပိုင်းဆိုင်ရာစံချိန်စံညွှန်းများနှင့်အညီ ဖြစ်စေရေး မူရင်းရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းလုပ်ငန်းများက တာဝန်ယူရမည်။ မြန်မာနိုင်ငံတွင် လိုင်စင်ပြုလုပ်ထားခြင်းမရှိသည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းအစီအစဉ်များအတွက် သတ်မှတ်ထားသည့် အစီအစဉ်ပိုင်းဆိုင်ရာ စံချိန်စံညွှန်းများနှင့်အညီ ဖြစ်စေရေး ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းအစီအစဉ် ဖြန့်ဖြူးရေးဝန်ဆောင်မှုလုပ်ငန်းများတွင် တာဝန်ရှိသည်ဟု မှတ်ယူရမည်။

၆၅။ ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းအစီအစဉ် ဖြန့်ဖြူးရေးဝန်ဆောင်မှုလုပ်ငန်းများသည် ရုပ်သံလိုင်း ထုတ်လွှင့်ရာတွင် အောက်ပါအတိုင်း လိုက်နာရမည် -

(က) ထုတ်လွှင့်သည့် ရုပ်သံလိုင်းစုစုပေါင်း၏ အနည်းဆုံး ၂၀ ရာခိုင်နှုန်းသည် ပြည်တွင်းမှ ထုတ်လုပ်သည့် ရုပ်သံလိုင်းများ ဖြစ်ရမည်၊

(ခ) ထုတ်လွှင့်သည့် အခပေးရုပ်သံလိုင်းစုစုပေါင်း၏ အနည်းဆုံး ၂၀ ရာခိုင်နှုန်းသည် အခမဲ့ရုပ်သံလိုင်းများ ဖြစ်ရမည်။

၆၆။ ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းအစီအစဉ် ဖြန့်ဖြူးရေးဝန်ဆောင်မှုလုပ်ငန်းများအနေဖြင့် အောက်ပါတို့မှ ဝင်ငွေကိုလက်ခံနိုင်သည် -

(က) ကြည့်ရှုခပေးသွင်းငွေ၊

(ခ) ရုပ်သံလိုင်းငှားရမ်းခ၊

(ဂ) ကြော်ငြာခရငွေ၊

(ဃ) အမှတ်တရထုတ်ကုန်ပစ္စည်းများ ရောင်းချမှုမှရရှိသော အမြတ်အစွန်းများ၊

(င) ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းလုပ်ငန်းနှင့် ဆက်စပ်သော တရားဝင်စီးပွားရေးလုပ်ငန်းများမှ ရရှိသည့်ဝင်ငွေများ။

၆၇။ ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းအစီအစဉ် ဖြန့်ဖြူးရေးဝန်ဆောင်မှုလုပ်ငန်းများအနေဖြင့် နှစ်ချုပ်အစီရင်ခံစာကို ကောင်စီသို့ တင်သွင်းရမည်။ ယင်းအစီရင်ခံစာ၌ ပုဒ်မ ၅၅ တွင် ဖော်ပြထားသည့် ကဏ္ဍများနှင့် စပ်လျဉ်းသည့် အချက်အလက်များ ပါဝင်ရမည်။

## အခန်း (၉)
## အစီအစဉ်ဆိုင်ရာသတ်မှတ်ချက်များ

၆၈။ ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုခိုင်မာစေရေးအတွက် သက်ဆိုင်ရာ ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများသည် အောက်ပါသတ်မှတ်ချက်များအတိုင်း ဆောင်ရွက်ရမည် -

(က) မြန်မာဘာသာနှင့် အခြားတိုင်းရင်းသားဘာသာတစ်ခုခုကို အသုံးပြု၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ထုတ်လွှင့်သည့် ရေဒီယိုအသံထုတ်လွှင့်ခြင်းလုပ်ငန်းများတွင် ထုတ်လွှင့်သော အစီအစဉ်များ၏ ၇၀ ရာခိုင်နှုန်းသည် ပြည်တွင်းတွင် ထုတ်လုပ်သည့် အစီအစဉ်များ ဖြစ်ရမည်၊

(ခ) တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စီးပွားရေးအရ ထုတ်လွှင့်သည့် မူရင်းရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်သည့်လိုင်းများမှ တစ်နေ့တာထုတ်လွှင့်သောအစီအစဉ်များ၏ အနည်းဆုံး ၃၀ ရာခိုင်နှုန်းသည် ပြည်တွင်းမှထုတ်လုပ်သော အစီအစဉ်များဖြစ်ရမည်၊

(ဂ) တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စီးပွားရေးအရ ထုတ်လွှင့်သည့် ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှုလုပ်ငန်းများသည် ထုတ်လွှင့်မှုအစီအစဉ်၏ အနည်းဆုံး ၂၀ ရာခိုင်နှုန်းကို ပြည်တွင်းမှ လွတ်လပ်သည့် အစီအစဉ်ထုတ်လုပ်သူများ၏ အစီအစဉ်များကို အသုံးပြုရမည်။ ယင်းသို့ထုတ်လုပ်သည့် အစီအစဉ်များ၏ အနည်းဆုံး ၁၀ ရာခိုင်နှုန်းကို ကြည့်ရှုသူပရိသတ်အများဆုံးအချိန်တွင် ထုတ်လွှင့်ရမည်။

၆၉။ ကောင်စီသည် ပုဒ်မ ၆၈ ပါ သတ်မှတ်ချက်နှင့်စပ်လျဉ်း၍ ပြန်လည်သုံးသပ်ရန် လုပ်ပိုင်ခွင့်ရှိပြီး၊ ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဆိုင်ရာလုပ်ငန်းတစ်ခုလုံးအတွက်ဖြစ်စေ၊ သက်ဆိုင်ရာရုပ်မြင်

သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းအတွက်ဖြစ်စေ လုပ်ငန်းတွင် ပါဝင်ပတ်သက်သူများနှင့် ညှိနှိုင်းဆွေးနွေးပြီးနောက် မူဝါဒအသစ်များနှင့် လုပ်ထုံးလုပ်နည်းအသစ်များကို ချမှတ်ပေးနိုင်သည်။

၇၀။ (က) ကလေးသူငယ်နှင့်လူငယ်များ၊ အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများအတွက် ရည်ရွယ်ထုတ်လွှင့်သည့် ရုပ်မြင်သံကြားနှင့်အသံလွှင့်အစီအစဉ်များသည် ယင်းတို့၏ အခွင့်အရေးကို ကာကွယ်မြှင့်တင်ပေးသည့် အစီအစဉ်များဖြစ်ရမည်။ ကလေးသူငယ်နှင့် လူငယ်ဆိုင်ရာအစီအစဉ်များကို သတ်မှတ်အချိန်တွင် ထုတ်လွှင့်ရမည်။ ယင်းသို့သော အထူးအစီအစဉ်များ ထုတ်လွှင့်ရာတွင် မည်သည့်ပရိသတ်အမျိုးအစားအတွက် ဖြစ်သည်ဆိုသည်ကို ဖော်ပြရမည်။

(ခ) အချို့သောအစီအစဉ်များတွင် အကြားအာရုံချို့ယွင်းသူများအတွက် စံလက်သင်္ကေတကို အသုံးပြုနိုင်သည်။

၇၁။ ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများသည် ရုပ်ပုံ၊ အသံ၊ ဓာတ်ပုံနှင့် မှတ်တမ်းမှတ်ရာများကို ထုတ်လွှင့်ပြီးနောက် အနည်းဆုံး ၂၈ ရက် ထိန်းသိမ်းထားရမည်။

၇၂။ သမိုင်းတန်ဖိုးကြီးမားသော ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်သည့်အစီအစဉ်များ၏ မှတ်တမ်းတစ်စုံကို အမျိုးသားမော်ကွန်းတိုက်နှင့် အမျိုးသားပြတိုက်သို့ ပေးပို့ရမည်။ ယင်းအစီအစဉ်များ၏ မူပိုင်ခွင့်ကို မူပိုင်ခွင့်ပိုင်ရှင်ကသာ ပိုင်ဆိုင်သည်။

၇၃။ (က) စီးပွားရေးအရ ထုတ်လွှင့်သည့် ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများ အနေဖြင့် စီးပွားရေးဆိုင်ရာကြော်ငြာများကို နေ့စဉ်ထုတ်လွှင့်ချိန်အတွင်း တစ်နာရီလျှင် အများဆုံး ၁၂ မိနစ်နှုန်းဖြင့် ထုတ်လွှင့်နိုင်သည်။

(ခ) စီးပွားရေးအရ ထုတ်လွှင့်သည့် ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများသည် အများပြည်သူအကျိုးအတွက် အသိပေးထုတ်လွှင့်ခြင်းများအတွက် အခကြေးငွေမယူဘဲ လူမှုရေးရာတာဝန်ကို ပူးပေါင်းဆောင်ရွက်သည့်အနေဖြင့် ယင်းတို့၏ထုတ်လွှင့်ချိန်မှ ငါးရာခိုင်နှုန်းကို ခွဲဝေထုတ်လွှင့်ပေးရန် တာဝန်ရှိသည်။ ထုတ်လွှင့်ပေးရမည့် အများပြည်သူအကျိုးအတွက် အသိပေးထုတ်လွှင့်ခြင်းများကို ကောင်စီက သတ်မှတ်နိုင်သည်။

၇၄။ ကြော်ငြာထည့်သွင်းရန်မှအပ ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများ၏ ထုတ်လွှင့်ချိန်ကို ရောင်းချခြင်းမပြုရ။

၇၅။ ပြည်တွင်းအရင်းအမြစ်များကို အသုံးပြု၍ ကြော်ငြာများ ရိုက်ကူးထုတ်လုပ်ခြင်းကို အားပေးရမည်။

**ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းလုပ်ငန်းဆိုင်ရာ လိုက်နာရမည့် ကျင့်ဝတ်များ**

၇၆။ (က) ကောင်စီသည် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းဆိုင်ရာ လိုက်နာရမည့် ကျင့်ဝတ်များကို အောက်ပါအချက်များအပေါ် အခြေခံ၍ ရေးဆွဲရမည် -

(၁) ကိုယ်ကျင့်တရားနှင့် စာရိတ္တပိုင်းဆိုင်ရာတန်ဖိုးများ၊

(၂) မီဒီယာလုပ်ငန်းများက ကျယ်ပြန့်စွာလက်ခံထားသည့် စံနှုန်းသတ်မှတ်ချက်များ။

(ခ) ယင်းလုပ်ငန်းဆိုင်ရာ လိုက်နာရမည့် ကျင့်ဝတ်များ ရေးဆွဲမှုလုပ်ငန်းစဉ်သည် ပွင့်လင်းမြင်သာမှုနှင့် အများပြည်သူ ပါဝင်နိုင်မှုရှိရမည်။

၇၇။ ကောင်စီက ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းလုပ်ငန်းဆိုင်ရာ လိုက်နာရမည့် ကျင့်ဝတ်များကို ထုတ်ပြန်ပြီးသည့်အခါ ရုပ်မြင်သံကြားနှင့်အသံ ထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများနှင့် အများပြည်သူတို့ သိရှိစေရန် ကျယ်ကျယ်ပြန့်ပြန့်အသိပေးရမည်။

**[ ဆက်လက်ဖော်ပြပါမည်။ ]**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၃၅/၂၀၁၄)**

၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်

( ၂၀၁၄ ခုနှစ်၊ မတ်လ ၁၇ ရက် )

**သတင်းမီဒီယာဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော သတင်းမီဒီယာဥပဒေ (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၂။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

**သတင်းမီဒီယာဥပဒေ**

**( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၂။ )**

၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၁၄ ရက်

( ၂၀၁၄ ခုနှစ်၊ မတ်လ ၁၄ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို သတင်းမီဒီယာဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **သတင်းမီဒီယာ**ဆိုသည်မှာ သတင်းရှာဖွေခြင်း၊ ရယူခြင်း၊ ပိုင်ဆိုင်ခြင်း၊ မှတ်တမ်းတင်ခြင်း၊ သတင်းအချက်အလက်များကို ခွဲခြမ်းစိတ်ဖြာခြင်း၊ ဖြန့်ချိခြင်း အစရှိသည်တို့ကို စာ၊ အသံ၊ အရုပ်၊ ရုပ်သံ၊ ကိန်းဂဏန်းအချက်အလက်၊ ရုပ်ပုံဒီဇိုင်း စသည့် အသွင်သဏ္ဌာန်များ အသုံးပြု၍ ပုံနှိပ်မီဒီယာ၊ ရုပ်သံလွှင့်မီဒီယာ၊ အယ်ဒီတာတာဝန်ယူမှုရှိသော အင်တာနက်မီဒီယာ သို့မဟုတ် အခြားနည်းလမ်းများဖြင့် လုပ်ကိုင်သည့် အများပြည်သူဆိုင်ရာပြန်ကြားဆက်သွယ်ရေးလုပ်ငန်းများကို ဆိုသည်။

(ခ) **သတင်းမီဒီယာသမား**ဆိုသည်မှာ သတင်းမီဒီယာနှင့်စပ်လျဉ်းသော လုပ်ငန်းတစ်ရပ်ရပ်လုပ်ကိုင်သူကို ဆိုသည်။

(ဂ) **ကောင်စီ**ဆိုသည်မှာ ဤဥပဒေနှင့်အညီ ဖွဲ့စည်းသော မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီကို ဆိုသည်။

(ဃ) **သတင်းထုတ်လွှင့်ပြသခြင်း**ဆိုသည်မှာ အသံဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ ရုပ်ပုံဖြင့်ဖြစ်စေ အများပြည်သူအား ထုတ်လွှင့်ပြသခြင်းကို ဆိုသည်။

(င) **သတင်းစာ**ဆိုသည်မှာ နေ့စဉ်ဖြစ်ပျက်နေသော ပြည်တွင်းပြည်ပသတင်းများ၊ ယင်းတို့နှင့်စပ်လျဉ်းသော ရေးသားဖော်ပြမှုများကို ပုံမှန်ဖြန့်ချိသောထုတ်ဝေစာကို ဆိုသည်။

(စ) **သတင်းထောက်**ဆိုသည်မှာ သတင်းအချက်အလက်များ ရှာဖွေရယူ၍ သတင်းမီဒီယာတစ်ခုခုသို့ ပေးပို့သူကို ဆိုသည်။

(ဆ) **စာနယ်ဇင်း**ဆိုသည်မှာ သတင်းမီဒီယာလုပ်ငန်းကို အချိန်မှန်ဖြစ်စေ၊ အချိန်ကာလမသတ်မှတ်ဘဲဖြစ်စေ လုပ်ကိုင်လျက် သတင်း၊ ဝတ္ထု၊ ဆောင်းပါး၊ ကဗျာ၊ ကာတွန်း၊ ရုပ်ပုံ၊ ဓာတ်ပုံ၊ သရုပ်ဖော်ပုံ စသည်တို့ကို ရုပ်သံလွှင့်နည်းပညာဖြင့်ဖြစ်စေ၊ အင်တာနက်နည်းပညာဖြင့်ဖြစ်စေ၊ အခြားနည်းပညာတစ်ရပ်ရပ်ဖြင့်ဖြစ်စေ ဖော်ပြထားသော စာအုပ်၊ စာစောင်၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း စသည့် ထုတ်ဝေစာတို့ကို ဆိုသည်။

(ဇ) **သတင်းအေဂျင်စီ**ဆိုသည်မှာ ပြည်တွင်းပြည်ပမှ သတင်းအချက်အလက်များကို စုဆောင်းရယူ၍ နည်းတစ်မျိုးမျိုးဖြင့် မီဒီယာများသို့ အခကြေးငွေဖြင့်ဖြစ်စေ၊ အခကြေးငွေမယူဘဲဖြစ်စေ ဖြန့်ဝေပေးသည့် လုပ်ငန်း၊ ကော်ပိုရေးရှင်း၊ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။

(ဈ) **စိစစ်ခြင်း**ဆိုသည်မှာ စာနယ်ဇင်းတစ်ခုခုတွင် ပါဝင်သည့် အကြောင်းအရာများကို ပုံနှိပ်ခြင်းမပြုမီ ဖြတ်တောက်ခြင်း၊ ဖယ်ရှားခြင်း၊ တားမြစ်ခြင်း၊ ပိတ်ပင်ခြင်းတို့ကို ဆိုသည်။

(ည) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပြန်ကြားရေးဝန်ကြီးဌာနကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ နိုင်ငံသားတိုင်း လွတ်လပ်စွာ ရေးသားထုတ်ဝေဖြန့်ချိခွင့်ရှိသည့် သတင်းမီဒီယာလုပ်ငန်းများ ဖြစ်ပေါ်စေရန်၊

(ခ) သတင်းမီဒီယာလုပ်ငန်းသည် စတုတ္ထမဏ္ဍိုင်အဖြစ် ပီပြင်စွာရပ်တည်နိုင်စေရန်၊

(ဂ) သတင်းမီဒီယာသမားများ၏ ရပိုင်ခွင့်နှင့် လွတ်လပ်ခွင့်များ အပြည့်အဝရရှိစေရန်၊

(ဃ) သတင်းမီဒီယာသမားများ လိုက်နာရမည့် တာဝန်၊ ကျင့်ဝတ်၊ စည်းကမ်းနှင့် ကျင့်စဉ်များကို ဆိုင်ရာလုပ်ငန်း၊ အဖွဲ့အစည်းများအတွင်း သတ်မှတ်ရေးဆွဲရန်၊

(င) နိုင်ငံသားတိုင်း၏ သတင်းသိပိုင်ခွင့်ကို ဖြည့်ဆည်းပေးရန်၊

(စ) သတင်းမီဒီယာတစ်ခုခုတွင် ရေးသားဖော်ပြ ထုတ်လွှင့်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ တစ်စုံတစ်ယောက်၏ တိုင်ကြားချက်၊ အငြင်းပွားချက်များကို နှစ်ဖက်ညှိနှိုင်းဖြေရှင်းသောနည်းလမ်းဖြင့် ကျေအေးပြေငြိမ်းစေရန်။

## အခန်း (၃)
## သတင်းမီဒီယာသမားများ၏ရပိုင်ခွင့်များ

၄။ သတင်းမီဒီယာသမားများသည် -

(က) ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာတို့၏ လုပ်ငန်းဆောင်ရွက်မှုများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွတ်လပ်စွာ ဝေဖန်၊ ထောက်ပြ၊ အကြံပြုရေးသားခွင့်ရှိသည်။

(ခ) နိုင်ငံသားတိုင်း သိခွင့်ရှိသော သတင်းအချက်အလက်များနှင့် သဘောထားအမြင်များကို ကျင့်ဝတ်စည်းကမ်းနှင့်အညီ စုံစမ်းဖော်ထုတ်ရေးသားခွင့်နှင့် သတင်းထုတ်လွှင့်ခွင့်တို့ ရှိသည်။

(ဂ) နိုင်ငံသားတစ်ဦး၏ အခွင့်အရေးဆုံးရှုံးမှုဆိုင်ရာကိစ္စရပ်များကို ဖော်ထုတ်ရေးသားခွင့်ရှိသည်။

(ဃ) သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းက သတ်မှတ်ထားသော စည်းကမ်းနှင့်အညီ အစိုးရရုံး၊ ဌာန၊ အဖွဲ့အစည်းများတွင် သတင်းအချက်အလက်ရယူခွင့်၊ နေရာထိုင်ခင်းရခွင့်နှင့် ဝင်ထွက်သွားလာခွင့်တို့ ရှိသည်။

၅။ သတင်းမီဒီယာလုပ်ငန်း၏ ထုတ်ဝေစာသည် စိစစ်ခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

၆။ သတင်းမီဒီယာသမားတစ်ဦးသည် -

(က) ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ အာဏာပိုင်အဖွဲ့အစည်းတစ်ရပ်ရပ်ကဖြစ်စေ အမိန့်ညွှန်ကြားချက်ဖြင့် လုံခြုံရေးအဆင့်အတန်းသတ်မှတ်ထားသော စာရင်းဇယား၊ ဓာတ်ပုံ၊ မှတ်တမ်းရေးသားချက်များမှအပ အများပြည်သူသိခွင့်ရှိသော သတင်းအချက်အလက်များကို သက်ဆိုင်ရာအဖွဲ့အစည်းများထံမှ တောင်းယူကြည့်ရှုခွင့်ရှိသည်။

(ခ) အများပြည်သူ၏ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော အစိုးရမဟုတ်သည့် အသင်း၊ အဖွဲ့၊လုပ်ငန်းများမှ သတင်းအချက်အလက်များကို ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်နှင့်အညီ တောင်းယူကြည့်ရှုခွင့် ရှိသည်။

၇။ သတင်းမီဒီယာသမားတစ်ဦးသည် စစ်မက်ဖြစ်ပွားရာဒေသ၊ အရေးအခင်း၊ အဓိကရုဏ်း၊ အများပြည်သူ ဆန္ဒပြရာနေရာဒေသတို့၌ သက်ဆိုင်ရာတာဝန်ရှိအဖွဲ့အစည်းက သတ်မှတ်ထားသော စည်းကမ်းများနှင့်အညီ သတင်းရယူစဉ်တွင် -

(က) လုံခြုံရေးဆိုင်ရာအဖွဲ့အစည်းတစ်ရပ်ရပ်၏ ဖမ်းဆီးထိန်းသိမ်းခြင်း၊ သတင်းမှတ်တမ်း စသည့် သတင်းရယူခြင်းနှင့်သက်ဆိုင်သော ကိရိယာများကို သိမ်းယူခံရခြင်းနှင့် ဖျက်ဆီးခံရခြင်းတို့မှ ကင်းလွတ်စေရမည်။

(ခ) လုံခြုံရေးဆိုင်ရာအဖွဲ့အစည်းများရှိက ယင်းတို့၏ ကာကွယ်စောင့်ရှောက်မှုကို တောင်းခံခွင့် ရှိစေရမည်။

၈။ သတင်းမီဒီယာသမားတစ်ဦးသည် -

(က) ကျင့်ဝတ်နှင့်အညီ မိမိအမည်ကို ထုတ်ဖော်ပြောဆို၍ သတင်းရယူရမည်။ သို့ရာတွင် အများပြည်သူနှင့် သက်ဆိုင်သောကိစ္စရပ်များဖြစ်သည့် ပြည်သူ့ကျန်းမာရေး၊ ပြည်သူတို့၏ ဘေးကင်းလုံခြုံရေးနှင့် သဘာဝပတ်ဝန်းကျင်တို့ကို ထိခိုက်စေနိုင်သောကိစ္စရပ်များ၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးနှင့် လူမှုစီးပွားရေးဆိုင်ရာဆောင်ရွက်ချက်များတွင် မမှန်မကန်ဆောင်ရွက်မှုများ၊ အကျင့်ပျက်ခြစားမှုများကို ဖော်ထုတ်ရန် မဖြစ်မနေစုံစမ်းရမည့်သတင်းဖြစ်ပါက သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာအယ်ဒီတာ၏ ခွင့်ပြုချက်ဖြင့် အမည်မဖော်ပြဘဲ စုံစမ်းခွင့်ရှိပြီး ထိုသို့ ဆောင်ရွက်ခဲ့ကြောင်းကို ဖော်ပြပေးရမည်။

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ဖြင့် အရေးယူခံရသောအမှုတွင် တရားရုံး၏ အမိန့်အရမဟုတ်ဘဲ သတင်းမီဒီယာဆိုင်ရာလုပ်ငန်းသုံးပစ္စည်းများကို သိမ်းဆည်းခြင်း၊ ချိပ်ပိတ်ခြင်းနှင့် ဖျက်ဆီးခြင်းတို့မှ ကင်းလွတ်ခွင့်ရရှိစေရမည်။

## အခန်း (၄)
## သတင်းမီဒီယာသမားများ လိုက်နာရမည့် တာဝန်နှင့်ကျင့်ဝတ်များ

၉။ သတင်းမီဒီယာသမားတစ်ဦးသည် အောက်ပါကျင့်ဝတ်စည်းကမ်းများကို လိုက်နာရန် တာဝန်ရှိသည် -

(က) သတင်းတိုင်းအချက်အလက် တိကျမှန်ကန်စေရန်နှင့် တတ်နိုင်သမျှပြည့်စုံစေရန် စိစစ်ခြင်း၊

(ခ) တိကျမှန်ကန်မှုမရှိသောသတင်းကို ဖော်ပြမိ၍ ပြင်ဆင်ရန်လိုအပ်ပါက ပုံနှိပ်မီဒီယာဖြစ်လျှင် ပြင်ဆင်ချက်ကို ထင်ရှားသောစာမျက်နှာ၌လည်းကောင်း၊ အခြားမီဒီယာဖြစ်လျှင် အနီးစပ်ဆုံး အချိန်၌လည်းကောင်း အမြန်ဆုံးဖော်ပြခြင်း၊

(ဂ) တရားရုံးတွင် စစ်ဆေးဆဲအမှုများနှင့်စပ်လျဉ်း၍ သတင်းဖော်ပြရာတွင် တရားရုံးက ပြစ်မှုထင်ရှား စီရင်ခြင်းမပြုသမျှကာလပတ်လုံး တရားစွဲဆိုခံရသူအား အပြစ်ကင်းစင်သူအဖြစ် မှတ်ယူခြင်းနှင့် တရားရုံးအား မထီမဲ့မြင်ပြုရာရောက်သော သတင်းဝေဖန်ချက်မျိုးကို ဖော်ပြခြင်းမှ ရှောင်ကြဉ်ခြင်း၊

(ဃ) သတင်းဓာတ်ပုံနှင့် အရုပ်အသံများ ဖော်ပြရာတွင် နည်းပညာတစ်ရပ်ရပ်အသုံးပြု၍ မလျော်ကန်သော ပြုပြင်ပြောင်းလဲခြင်းမှ ရှောင်ကြဉ်ခြင်း၊

(င) သတင်းဝေဖန်ချက်၊ အာဘော်နှင့် ဆောင်းပါးရေးသားခြင်းမှတစ်ပါး သတင်းရေးသားသူ၏ ထင်မြင်ယူဆချက်၊ အာဘော် လုံးဝမပါရှိစေခြင်း၊

(စ) တစ်ပါးသူပိုင်ဆိုင်သည့် ဉာဏဆိုင်ရာပစ္စည်းများကို ခွင့်ပြုချက်မရဘဲ ကူးယူဖော်ပြခြင်းမှ ရှောင်ကြဉ်ခြင်း၊

(ဆ) အများပြည်သူ၏ အကျိုးစီးပွားနှင့်စပ်ဆိုင်သည့် သတင်းရေးသားခြင်းမဟုတ်လျှင် ပုဂ္ဂိုလ်တစ်ဦး၊ အဖွဲ့အစည်းတစ်ခု၏ ဂုဏ်သိက္ခာကို တမင်ထိခိုက်စေသော အရေးအသားနှင့် လူ့အခွင့်အရေးကို ထိခိုက်စေသော အရေးအသားမျိုး ဖော်ပြခြင်းမှ ရှောင်ကြဉ်ခြင်း၊

(ဇ) ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ လူမျိုးတစ်မျိုးကို အကြောင်းပြု၍ ပဋိပက္ခဖြစ်စေနိုင်သော လှုံ့ဆော်ရေးသားမှုမှ ရှောင်ကြဉ်ခြင်း၊

(ဈ) မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက ထုတ်ပြန်သည့် ကျင့်ဝတ်နှင့် စည်းကမ်းများကို လိုက်နာခြင်း။

## အခန်း (၅)
## သတင်းမီဒီယာလုပ်ငန်း ထူထောင်ခြင်း

၁၀။ သတင်းမီဒီယာလုပ်ငန်းလုပ်ကိုင်လိုသူသည် အောက်ပါနည်းလမ်းတစ်ရပ်ရပ်အရ လုပ်ငန်းထူထောင်ခွင့်ရှိသည် -

(က) တည်ဆဲမြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ အများနှင့်မသက်ဆိုင်သော ကုမ္ပဏီကိုဖြစ်စေ၊ အများနှင့်သက်ဆိုင်သောကုမ္ပဏီကိုဖြစ်စေ ဖွဲ့စည်း၍ တည်ထောင်လုပ်ကိုင်ခြင်း၊ ဖက်စပ်ကုမ္ပဏီကိုဖြစ်စေ ဖွဲ့စည်း၍ လုပ်ငန်းထူထောင်ခြင်း၊

(ခ) တည်ဆဲမြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေ သို့မဟုတ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ လုပ်ငန်းထူထောင်ခြင်း။

၁၁။ သတင်းမီဒီယာလုပ်ငန်းလုပ်ကိုင်လိုသူသည် လုပ်ငန်းအမျိုးအစားအလိုက် သက်ဆိုင်ရာဥပဒေနှင့်အညီ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် သို့မဟုတ် လုပ်ငန်းလိုင်စင် ရယူရမည်။

## အခန်း (၆)
## ကောင်စီ ဖွဲ့စည်းခြင်းနှင့်လုပ်ငန်းတာဝန်များ

၁၂။ ကောင်စီသည် စာနယ်ဇင်းသမားများနှင့်စပ်လျဉ်း၍ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လွတ်လပ်စွာ ဆောင်ရွက်နိုင်သည့် တစ်ခုတည်းသောအဖွဲ့အစည်းဖြစ်သည်။

၁၃။ နိုင်ငံတော်သမ္မတသည် ဤဥပဒေပါ ရည်ရွယ်ချက်နှင့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် အောက်ပါအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ ပါဝင်သော မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီကို အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဖွဲ့စည်းပေးရမည် -

(က) ကောင်စီဝင်များအဖြစ် နိုင်ငံတော်သမ္မတက အဆိုပြုသည့် ကိုယ်စားလှယ်တစ်ဦး၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့က အဆိုပြုသည့် ကိုယ်စားလှယ်တစ်ဦးစီ၊

(ခ) သတင်းမီဒီယာသမားများ၊ သတင်းအေဂျင်စီများ၊ ပုံနှိပ်ထုတ်ဝေသူများ၊ စာရေးဆရာများ၊ ကဗျာဆရာများ၊ ကာတွန်းရုပ်ပြဆရာများက သတ်မှတ်အချိုးအစားအလိုက် အဆိုပြုသည့် ကိုယ်စားလှယ်များ၊

(ဂ) လူမှုရေး၊ စီးပွားရေး၊ စာပေယဉ်ကျေးမှု၊ ဥပဒေရေးရာ၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာအသိပညာရှင်၊ အတတ်ပညာရှင်များ ပါဝင်သည့် လူထုအဖွဲ့အစည်းများက ရွေးချယ်သည့် ကိုယ်စားလှယ်များ၊

(ဃ) ကောင်စီဝင်ဦးရေကို အနည်းဆုံး ၁၅ ဦးမှ အများဆုံး ၃၀ ဦးအထိ သတ်မှတ်ပေးရမည်။

၁၄။ (က) ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးများကို ကောင်စီဝင်များထဲမှ အများဆန္ဒအရ ရွေးချယ်တင်မြှောက်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ ရွေးချယ်တင်မြှောက်သည့် ကောင်စီဝင်များ၏ အမည်စာရင်းကို ခန့်အပ်တာဝန်ပေးနိုင်ရေးအတွက် နိုင်ငံတော်သမ္မတထံ တင်ပြရမည်။

၁၅။ (က) ကောင်စီဝင်တစ်ဦး၏ သက်တမ်းတစ်ကြိမ်သည် ရွေးချယ်တင်မြှောက်ခံရသည့်နေ့မှစ၍ သုံးနှစ်ဖြစ်သည်။

(ခ) ကောင်စီဝင်တစ်ဦးသည် သက်တမ်းနှစ်ကြိမ်ထက်ပို၍ တစ်ဆက်တည်း ဆောင်ရွက်ခွင့်မရှိစေရ။

၁၆။ ကောင်စီဝင်တစ်ဦးသည် အောက်ဖော်ပြပါ အကြောင်းတစ်ရပ်ရပ်ကြောင့် ကောင်စီဝင်အဖြစ်မှ ရပ်စဲသည် -

(က) မိမိသဘောဆန္ဒအရ နုတ်ထွက်ခြင်း၊

(ခ) ကောင်စီဝင်တစ်ဦးဦးက သတင်းမီဒီယာသမားများ လိုက်နာရမည့် တာဝန်နှင့် ကျင့်ဝတ်များကို တမင်ဖောက်ဖျက်ခြင်းကြောင့်သော်လည်းကောင်း၊ ကောင်စီဝင်၏ လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်မှုမရှိခြင်းကြောင့်သော်လည်းကောင်း၊ ကောင်စီက သတ်မှတ်ထားသော စည်းကမ်းများကို တမင်ချိုးဖောက်မှုတစ်ခုခုကြောင့် ဆက်လက်တာဝန်ပေးရန် မသင့်လျှင်သော်လည်းကောင်း ကောင်စီဝင်များ၏ သုံးပုံနှစ်ပုံ ထောက်ခံတင်ပြချက်အရ နိုင်ငံတော်သမ္မတက ရာထူးမှရပ်စဲခြင်း၊

(ဂ) အကျင့်သိက္ခာ ပျက်ပြားရာရောက်သည့် ပြစ်မှုပြစ်ဒဏ်တစ်မျိုးမျိုး အပြစ်ပေးခံရခြင်း၊

(ဃ) ရူးသွပ်ခြင်း သို့မဟုတ် ကွယ်လွန်အနိစ္စရောက်ခြင်း။

၁၇။ ကောင်စီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) သတင်းမီဒီယာကို စောင့်ကြည့်ခြင်းနှင့် အရည်အသွေးမြှင့်တင်ပေးခြင်း၊

(ခ) သတင်းမီဒီယာလုပ်ငန်းသုံးပစ္စည်းများ ပြည်ပမှ တင်သွင်းရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် သက်ဆိုင်ရာအစိုးရဌာနများနှင့် ညှိနှိုင်းခြင်း၊

(ဂ) သတင်းမီဒီယာဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲများ၊ ဟောပြောပွဲများ ကျင်းပရန် စီစဉ်ခြင်း၊

(ဃ) သတင်းဆိုင်ရာထူးချွန်သူများကို ဆုချီးမြှင့်ရေးအတွက် စာနယ်ဇင်းအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(င) သတင်းမီဒီယာလုပ်ငန်း တိုးတက်ရေးအတွက် စီမံချက်များ ရေးဆွဲဆောင်ရွက်ခြင်း၊

(စ) လိုအပ်သည့်အချိန်တိုင်း သတင်းထုတ်ပြန်ခြင်း၊

(ဆ) ပြည်သူများ သတင်းမှန်သိခွင့်ရရှိရေးအတွက် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ လူထုအခြေပြုအဖွဲ့အစည်းများတွင် သတင်းထုတ်ပြန်ရေးတာဝန်ခံတစ်ဦး သတ်မှတ်ထားရှိရေးအတွက် ကောင်စီက ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဇ) မိမိလုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့် ရှေ့လုပ်ငန်းစဉ်များကို နိုင်ငံတော်သမ္မတထံ တစ်နှစ်လျှင် တစ်ကြိမ် မပျက်မကွက်အစီရင်ခံခြင်း။

၁၈။ ကောင်စီသည် မိမိ၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် လိုအပ်သောကော်မတီများကို ဖွဲ့စည်းပြီး ယင်းတို့၏လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးနိုင်သည်။

## အခန်း (၇)
## ရန်ပုံငွေနှင့်ထောက်ပံ့ရေး

၁၉။ ကောင်စီသည် မိမိလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အောက်ပါရငွေများဖြင့် ရန်ပုံငွေ ထူထောင်ရမည် -

(က) ပြည်ထောင်စုအစိုးရအဖွဲ့မှ ထောက်ပံ့ငွေ၊

(ခ) ပြည်တွင်း၊ ပြည်ပစေတနာရှင်များ၏ လှူဒါန်းငွေများ၊

(ဂ) နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများက ထောက်ပံ့ကူညီမှုများ၊

(ဃ) သတင်းမီဒီယာလုပ်ငန်းများ၏ ထည့်ဝင်ငွေများ။

၂၀။ ကောင်စီသည် မိမိထူထောင်ထားသည့် ရန်ပုံငွေများကို ထိန်းသိမ်းခြင်း၊ စာရင်းပြုစုခြင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးမှုခံယူခြင်း၊ ငွေစာရင်းဆိုင်ရာနှင့် ရန်ပုံငွေသုံးစွဲခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ သတ်မှတ်ခြင်းတို့ကို ဆောင်ရွက်ရမည်။

## အခန်း (၈)
## အရေးယူခြင်း

၂၁။ နစ်နာသောဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်သည် သတင်းမီဒီယာသမားတစ်ဦးက ပုဒ်မ ၉ တွင် ပြဋ္ဌာန်းထားသည့် တာဝန်နှင့် ကျင့်ဝတ်သိက္ခာတစ်ရပ်ရပ်ကို ချိုးဖောက်ကြောင်း ယူဆလျှင် ရှေးဦးစွာ ကောင်စီသို့ တိုင်ကြားနိုင်သည်။

၂၂။ ကောင်စီသည် ပုဒ်မ ၂၁ အရ တိုင်ကြားချက်ကို လက်ခံရရှိပါက နှစ်ဖက်တွေ့ဆုံညှိနှိုင်းဖြေရှင်းခြင်းဆိုင်ရာနည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၂၃။ ပုဒ်မ ၂၂ အရ ကောင်စီ၏ရှေ့မှောက်တွင် ညှိနှိုင်းဖြေရှင်းရာ၌ ပြေလည်မှုမရှိပါက တိုင်ကြားသူ သို့မဟုတ် ကျေနပ်မှုမရှိသူသည် သက်ဆိုင်ရာတရားရုံးတွင် ဥပဒေနှင့်အညီ တရားစွဲဆိုနိုင်သည်။

၂၄။ ပုဒ်မ ၆၊ ပုဒ်မခွဲ (က) အရ အများပြည်သူ သိခွင့်ရှိသော သတင်းအချက်အလက်များကို တောင်းယူကြည့်ရှုရာတွင် ငြင်းဆန်ခြင်း၊ အချိန်ဆွဲခြင်း သို့မဟုတ် သတင်းယူသူအား နှောင့်ယှက်ခြင်းတို့ မဖြစ်စေရန် သက်ဆိုင်ရာတာဝန်ရှိသူက စီစဉ်ဆောင်ရွက်ပေးရမည်။

## အခန်း (၉)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၂၅။ (က) မည်သည့်သတင်းမီဒီယာသမားမဆို ပုဒ်မ ၉၊ ပုဒ်မခွဲ (ခ) ပါ တာဝန်နှင့်ကျင့်ဝတ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ် အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်သုံးသိန်းအထိ ချမှတ်ရမည်။

(ခ) မည်သည့်သတင်းမီဒီယာသမားမဆို ပုဒ်မ ၉၊ ပုဒ်မခွဲ (ဃ)၊ ပုဒ်မခွဲ (စ) နှင့် ပုဒ်မခွဲ (ဆ) တို့ပါ တာဝန်နှင့်ကျင့်ဝတ်တစ်ရပ်ရပ်ဖြင့် ပြစ်မှုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ် အနည်းဆုံး ကျပ်သုံးသိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်းအထိ ချမှတ်ရမည်။

၂၆။ မည်သည့်သတင်းမီဒီယာသမားမဆို ပုဒ်မ ၉၊ ပုဒ်မခွဲ (ဇ) ပါ တားမြစ်ချက်ကို ချိုးဖောက်ခဲ့လျှင် တည်ဆဲဥပဒေတစ်ရပ်ရပ်ဖြင့် အရေးယူခြင်းခံရမည်။

## အခန်း (၁၀)
## အထွေထွေ

၂၇။ ကောင်စီဝင်များသည် ဤဥပဒေအရ ပေးအပ်သောတာဝန်ကို ထမ်းဆောင်ချိန်တွင် ရာဇသတ်ကြီးဥပဒေပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၂၈။ ကောင်စီသည် မိမိ၏ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် ရုံးလုပ်ငန်းဆိုင်ရာနေ့စဉ်လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရေးအတွက် ရုံးအဖွဲ့ကို ဖွဲ့စည်း၍ လိုအပ်သော အရာထမ်းနှင့် အမှုထမ်းများကို ခန့်အပ်တာဝန်ပေးနိုင်သည်။

၂၉။ ဥပဒေအရ တားမြစ်ပိတ်ပင်ထားပြီး ပြစ်မှုဖြင့် အရေးယူခြင်းခံရသည့် သတင်းစာ၊ ဂျာနယ်၊ စာစောင်စသည့် မီဒီယာဆိုင်ရာပစ္စည်းများကို ရှာဖွေသိမ်းဆည်းရာတွင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။

၃၀။ ပုဒ်မ ၂၅ အရ တရားစွဲဆိုလျှောက်ထားရန်ရှိက -

(က) သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၏ တာဝန်ပေးအပ်ခြင်းခံရသူတစ်ဦးဦးက တရားရုံးသို့ တိုက်ရိုက်လျှောက်ထားစွဲဆိုရမည်။

(ခ) ပုဂ္ဂိုလ်တစ်ဦးဖြစ်ပါက တရားရုံးသို့ တိုက်ရိုက်လျှောက်ထားစွဲဆိုနိုင်သည်။

၃၁။ (က) ဤဥပဒေ အာဏာမတည်မီက တည်ဆဲဥပဒေတစ်ရပ်ရပ်အရ တည်ထောင်ထားသော မီဒီယာလုပ်ငန်းသည် သတ်မှတ်သည့်သက်တမ်းကုန်သည်အထိ ဆောင်ရွက်ခွင့်ရှိသည်။

(ခ) သက်တမ်းကုန်ဆုံးပြီး ဆက်လက်၍ လုပ်ငန်းလုပ်ကိုင်လိုပါက သတ်မှတ်သည့်နည်းလမ်းများနှင့် အညီ သက်တမ်းတိုး၍ ဆက်လက်လုပ်ကိုင်ခွင့်ရှိသည်။

၃၂။ ၁၉၆၂ ခုနှစ်၊ ပုံနှိပ်သူများနှင့်ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေအရ ထုတ်ပြန်ခဲ့သည့် လွတ်လပ်စွာ ရေးသားထုတ်ဝေခွင့်ကို ကန့်သတ်တားမြစ်သော အမိန့်များ၊ ညွှန်ကြားချက်များ၊ အမှာစာများနှင့် ထုတ်ပြန်ချက် များသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်သမျှ ပျက်ပြယ်သည်ဟု မှတ်ယူရမည်။

၃၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် ကောင်စီနှင့်ညှိနှိုင်းပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ကောင်စီတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၁၆/၂၀၁၄)

၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်
( ၂၀၁၄ ခုနှစ်၊ မတ်လ ၁၇ ရက် )

### ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ ထုတ်ပြန်ကြေညာခြင်း

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၃။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ
## ( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၃။ )

၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၁၄ ရက်
( ၂၀၁၄ ခုနှစ်၊ မတ်လ ၁၄ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ပုံနှိပ်စက်**ဆိုသည်မှာ အများနှင့်သက်ဆိုင်သော ဆက်သွယ်မှုလုပ်ငန်းအတွက် ပုံနှိပ်ရန်အသုံးပြုသည့်စက်၊ အီလက်ထရောနစ်နည်းပညာ သို့မဟုတ် လေဆာအသုံးပြုပုံနှိပ်ယန္တရား၊ စက်ကိရိယာ အသုံးအဆောင်နှင့် အခြားနည်းအသုံးပြုသော ပုံနှိပ်စက်ယန္တရားစုကို ဆိုသည်။

(ခ) **ပုံနှိပ်တိုက်**ဆိုသည်မှာ ပုံနှိပ်စက် သို့မဟုတ် ယင်းနှင့်သက်ဆိုင်သော စက်၊ စက်ယန္တရားစု၊ စက်ကိရိယာတန်ဆာ၊ စက်အစိတ်အပိုင်း၊ စာတမ်းအမှတ်အသားနှင့် ရုပ်ပုံအမြောက်အမြား ရိုက်နှိပ်ရန် ဆောင်ရွက်သည့် လုပ်ငန်းတည်ရှိရာအဆောက်အအုံ သို့မဟုတ် နေရာကို ဆိုသည်။

(ဂ) **ထုတ်ဝေစာ**ဆိုသည်မှာ လက်ရေးစာ၊ ပုံနှိပ်စာ၊ အီလက်ထရောနစ်နှင့် အခြားနည်းပညာတစ်ရပ်ရပ်ဖြင့် ဖန်တီး၍ထုတ်ဝေလိုက်သည့်စာတို့အပြင် ယင်းတို့နှင့်အမျိုးအစားတူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ ထင်ရှားမြင်သာသော ပုံသဏ္ဌာန်ရှိသည့်အရာ သို့မဟုတ် ပုံအားဖြင့်သော်လည်းကောင်း၊ သင်္ကေတ အားဖြင့်သော်လည်းကောင်း၊ အခြားနည်းလမ်းအားဖြင့်သော်လည်းကောင်း စကားလုံးများကိုဖြစ်စေ၊ အတွေးအခေါ်များကိုဖြစ်စေ သိရှိစေနိုင်သည့်အရာများနှင့် သတင်းစာ၊ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်းနှင့် စာအုပ်များကို ဆိုသည်။

(ဃ) **ပုံနှိပ်သူ**ဆိုသည်မှာ ပုံနှိပ်စက် သို့မဟုတ် ပုံနှိပ်တိုက်ပိုင်ဆိုင်သူကို ဆိုသည်။ ယင်းစကားရပ်တွင် အစုစပ်၊ ကုမ္ပဏီ၊ မိသားစုလုပ်ငန်း သို့မဟုတ် အသင်းအဖွဲ့၏ သက်ဆိုင်ရာစီမံအုပ်ချုပ်သော အစုရှင်၊ ဥက္ကဋ္ဌ၊ မန်နေးဂျင်းဒါရိုက်တာ၊ အတွင်းရေးမှူး သို့မဟုတ် တာဝန်ခံပုဂ္ဂိုလ်လည်း ပါဝင်သည်။

(င) **ထုတ်ဝေသူ**ဆိုသည်မှာ ထုတ်ဝေစာတစ်ခုခုကို စီးပွားရေးအကျိုးအမြတ်ရယူ၍သော်လည်းကောင်း၊ မရယူဘဲသော်လည်းကောင်း ထုတ်ဝေသည့်သူကို ဆိုသည်။ ယင်းစကားရပ်တွင် အစုစပ်၊ ကုမ္ပဏီ၊ မိသားစုလုပ်ငန်း သို့မဟုတ် အသင်းအဖွဲ့၏ သက်ဆိုင်ရာ စီမံအုပ်ချုပ်သောအစုရှင်၊ ဥက္ကဋ္ဌ၊ မန်နေးဂျင်းဒါရိုက်တာ၊ အတွင်းရေးမှူး သို့မဟုတ် တာဝန်ခံပုဂ္ဂိုလ်လည်း ပါဝင်သည်။

(စ) **သတင်းအေဂျင်စီ**ဆိုသည်မှာ ပြည်တွင်းပြည်ပမှ သတင်းအချက်အလက်များကို စုဆောင်းရယူ၍ နည်းတစ်မျိုးမျိုးဖြင့် မီဒီယာများသို့ အခကြေးငွေဖြင့်ဖြစ်စေ၊ အခကြေးငွေမယူဘဲဖြစ်စေ ဖြန့်ဝေပေးသည့်လုပ်ငန်း၊ ကော်ပိုရေးရှင်း၊ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။

(ဆ) **ဝက်ဘ်ဆိုက်**ဆိုသည်မှာ အကြောင်းအရာတစ်ခုခုနှင့်စပ်လျဉ်း၍ သတင်းအချက်အလက်များကို ရယူနိုင်ရန် အင်တာနက်ကွန်ရက်အတွင်း၌ လွှင့်တင်ထားသော စာမျက်နှာကို ဆိုသည်။

(ဇ) **ညစ်ညမ်းစာ**ဆိုသည်မှာ ဟီရိဩတ္တပ္ပကင်းသော မြန်မာ့လူ့အဖွဲ့အစည်းက လက်မခံသော -

(၁) လိင်ကိစ္စအား တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ ဖော်ပြခြင်းများ၊

(၂) ကာမရာဂကို လှုံ့ဆော်ရာရောက်သော အကျင့်ပျက်ပြားစေသည့် သရုပ်ဖော်ပုံများ၊ စာများ၊ ဓာတ်ပုံနှင့် ပန်းချီများ၊

(၃) ရုန့်ရင်းကြမ်းတမ်းသော ဆဲရေးတိုင်းထွာသည့် အသုံးအနှုန်းများနှင့် ရုပ်ပုံများကို ဖော်ပြခြင်းကို ဆိုသည်။

ယင်းစကားရပ်တွင် ဇီဝသိပ္ပံနှင့်ဆေးပညာအရလည်းကောင်း၊ ရိုးရာဓလေ့ထုံးစံနှင့် ကိုးကွယ်ရာဘာသာအရလည်းကောင်း သဘောရိုးဖြင့် ဖော်ပြရန် လိုအပ်သောကိစ္စရပ်များ မပါဝင်။

(ဈ) **အသိအမှတ်ပြုလက်မှတ်**ဆိုသည်မှာ ဝန်ကြီးဌာနက ပုံနှိပ်သူ၊ ထုတ်ဝေသူနှင့် သတင်းအေဂျင်စီများအား သက်ဆိုင်ရာလုပ်ငန်းဆောင်ရွက်ရန် ဤဥပဒေအရ ထုတ်ပေးသည့် အသိအမှတ်ပြုလက်မှတ်ကို ဆိုသည်။

(ည) **ဝန်ကြီး**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကို ဆိုသည်။

(ဋ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပြန်ကြားရေးဝန်ကြီးဌာနကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နိုင်ငံတော်အတွင်း၌ အရည်အသွေးအဆင့်အတန်းမီ၍ ကျင့်ဝတ်သိက္ခာရှိသော ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းများ ဖြစ်ထွန်းရေးကို ဦးတည်ရန်၊

(ခ) ပုံနှိပ်သူနှင့်ထုတ်ဝေသူများသည် မိမိတို့၏လုပ်ငန်းများကို တည်ငြိမ်ခိုင်မာစွာ ဆောင်ရွက်နိုင်ရန်အတွက် ခေတ်နှင့်လျော်ညီသော သီးခြားလုပ်ငန်းဆိုင်ရာဥပဒေတစ်ရပ်အဖြစ် ပြဋ္ဌာန်းရန်၊

(ဂ) ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းတို့ကို လုပ်ကိုင်ဆောင်ရွက်ကြရာ၌ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် ရေးသားဖြန့်ဝေခွင့်တို့ကို သက်ဆိုင်ရာဥပဒေများနှင့်အညီ စနစ်တကျဆောင်ရွက်နိုင်စေရန်။

## အခန်း (၃)
## ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းကို အသိအမှတ်ပြုခြင်း

၄။ (က) ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းကို ဆောင်ရွက်လိုသော ပုံနှိပ်သူနှင့်ထုတ်ဝေသူများသည် မိမိလုပ်ငန်းကို အသိအမှတ်ပြုရန်အတွက် လိုအပ်သောအချက်အလက်များ ပြည့်စုံမှန်ကန်စွာဖြင့် ဝန်ကြီးဌာနသို့ လျှောက်ထားရမည်။

(ခ) သတင်းအေဂျင်စီ ဖွင့်လှစ်ဆောင်ရွက်လိုသော ပြည်တွင်းအခြေစိုက်အဖွဲ့၊ ပြည်ပအခြေစိုက်အဖွဲ့၊ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းသည် မိမိလုပ်ငန်းကို အသိအမှတ်ပြုရန်အတွက် လိုအပ်သော အချက်အလက်များ ပြည့်စုံမှန်ကန်စွာဖြင့် ဝန်ကြီးဌာနသို့ လျှောက်ထားရမည်။

၅။ ဝန်ကြီးဌာနသည် ပုဒ်မ ၄ အရ လျှောက်ထားလာသူကို သတ်မှတ်သော အခကြေးငွေအား ပေးသွင်းစေပြီးလျှင် သတ်မှတ်ကာလအတွက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် ထုတ်ပေးရမည်။

၆။ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်ရရှိသူသည် ယင်းလက်မှတ်ကိုရရှိရန် မရိုးမဖြောင့်သောသဘောဖြင့်ဖြစ်စေ၊ လိမ်လည်လှည့်ဖြား၍ဖြစ်စေ၊ လျှောက်ထားခဲ့ကြောင်း စစ်ဆေးတွေ့ရှိရပါက ဝန်ကြီးဌာနသည် ယင်းလုပ်ငန်းအသိအမှတ်ပြုလက်မှတ်ကို ပြန်လည်ရုပ်သိမ်းခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်းပြုနိုင်သည်။

၇။ (က) ပုဒ်မ ၆ အရ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်ကို ပြန်လည်ရုပ်သိမ်းခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်းခံရသူသည် ဝန်ကြီးထံသို့ ပြန်လည်စိစစ်သုံးသပ်ပေးနိုင်ရန်အတွက် သတ်မှတ်ကာလအတွင်း လျှောက်ထားခွင့်ရှိသည်။

(ခ) ဝန်ကြီးသည် ပုဒ်မခွဲ (က) အရ လျှောက်ထားလွှာကို လက်ခံရရှိပါက ပြန်လည်စိစစ်သုံးသပ်ပြီး မူလဆုံးဖြတ်ချက်ကို လက်ခံခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

## အခန်း (၄)

## ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းအတွက် လိုက်နာရန်စည်းကမ်း

၈။ ပုံနှိပ်သူ သို့မဟုတ် ထုတ်ဝေသူသည် အောက်ပါအချက်တစ်ရပ်ရပ်တွင် အကျုံးဝင်သော ထုတ်ဝေစာများကို ပုံနှိပ်ခြင်း သို့မဟုတ် ထုတ်ဝေခြင်းမပြုရ -

(က) တိုင်းရင်းသားလူမျိုးအချင်းချင်း၊ နိုင်ငံသားအချင်းချင်း လူမျိုးရေးအရ၊ ဘာသာရေးအရ၊ ယဉ်ကျေးမှုအရ ထိခိုက်နစ်နာစေမည့် အကြောင်းအရာများကို ဖော်ပြခြင်း၊

(ခ) နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူအေးချမ်းသာယာရေးတို့ကိုသော်လည်းကောင်း၊ နိုင်ငံသားတိုင်းတန်းတူမှု၊ လွတ်လပ်မှု၊ တရားမျှတမှု၊ အခွင့်အရေးတို့ကိုသော်လည်းကောင်း ထိခိုက်စေမည့် အကြောင်းအရာများကို ဖော်ပြခြင်း၊

(ဂ) ညစ်ညမ်းစာများကို ဖော်ပြခြင်း၊

(ဃ) ရာဇဝတ်မှု၊ ရက်စက်ကြမ်းကြုတ်မှု၊ အကြမ်းဖက်မှု၊ လောင်းကစားမှုနှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာပြစ်မှုကျူးလွန်ခြင်းတို့ကို အားပေးခြင်းနှင့် လှုံ့ဆော်ခြင်း။

၉။ သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းကဖြစ်စေ၊ ထိခိုက်နစ်နာသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကဖြစ်စေ ပုဒ်မ ၈ ပါ စည်းကမ်းချက်တစ်ရပ်ရပ်နှင့် ငြိစွန်းသည်ဟု သံသယရှိသော ထုတ်ဝေစာနှင့်စပ်လျဉ်း၍ တရားမဝင်ထုတ်ဝေစာအဖြစ် ကြေညာပေးနိုင်ရန် သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်တရားရုံးသို့ လျှောက်ထားနိုင်သည်။ ထိုသို့ လျှောက်ထားလာခြင်းကို သက်ဆိုင်ရာတရားရုံးက အမြန်ဆုံးစစ်ဆေးစီရင်ရမည်။

၁၀။ လျှောက်ထားလွှာလက်ခံရရှိသောတရားရုံးသည် တရားဝင်ထုတ်ဝေစာမဟုတ်ကြောင်း အမိန့်တစ်စုံတစ်ရာမချမှတ်မီ လျှောက်ထားခံရသောထုတ်ဝေစာကို ဖြန့်ချိခြင်းမပြုရန် ယာယီတားဝရမ်းထုတ်ဆင့်ခြင်းကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်သည်။

## အခန်း (၅)

## ထုတ်ဝေစာများကို ပြည်တွင်းသို့တင်သွင်းခြင်းနှင့်ပြည်ပသို့တင်ပို့ခြင်း

၁၁။ ထုတ်ဝေစာကို -

(က) ပြည်တွင်းသို့ တင်သွင်းသူ သို့မဟုတ် ပြည်ပသို့ တင်ပို့သူသည် တင်သွင်းသော သို့မဟုတ် တင်ပို့သော ထုတ်ဝေစာနှင့်ပတ်သက်၍ ခေါင်းစဉ်၊ အမျိုးအစားနှင့် အရေအတွက်စာရင်းကို သတ်မှတ်ပုံစံဖြင့် ဝန်ကြီးဌာနသို့ ပေးပို့ရမည်။

(ခ) ပြည်တွင်း၌ ပုံနှိပ်ထုတ်ဝေခြင်းဖြစ်ပါက ပုံနှိပ်သူသည် ၎င်းပုံနှိပ်သော မည်သည့်ထုတ်ဝေစာကိုမဆို မှတ်ပုံတင်စာရင်း ရေးသွင်းခြင်းနှင့် မူပိုင်ခွင့်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် သတ်မှတ်ချက်များနှင့်အညီ ဝန်ကြီးဌာနသို့ ပေးပို့ရမည်။

၁၂။ ထုတ်ဝေခြင်းလုပ်ငန်းအသိအမှတ်ပြုလက်မှတ်ရရှိသူသည် မိမိ၏ထုတ်ဝေစာမူရင်းကို အင်တာနက်သတင်း ဖြန့်ချိသောနည်းဖြင့် ဝက်ဘ်ဆိုက်များအသုံးပြု၍ ဖြန့်ချိခွင့်ရှိသည်။

၁၃။ သတင်းအေဂျင်စီလုပ်ငန်းအတွက် အသိအမှတ်ပြုလက်မှတ်ရရှိသူသည် မိမိလွှင့်တင်ဖြန့်ချိလိုသည့် သတင်းအချက်အလက်နှင့်ပုံများကို အင်တာနက် သတင်းဖြန့်ချိသောနည်းဖြင့် ဝက်ဘ်ဆိုက်များ အသုံးပြု၍ ဖြန့်ချိခွင့်ရှိသည်။

၁၄။ ပုဒ်မ ၁၂ နှင့် ၁၃ အရ အင်တာနက် သတင်းဖြန့်ချိသောနည်းဖြင့် လွှင့်တင်ဖြန့်ချိထားသော ဝက်ဘ်ဆိုက်များသည် ပုဒ်မ ၈ ပါ သတ်မှတ်ချက်များကို လိုက်နာရမည်။

## အခန်း (၆)
## တားမြစ်ချက်များ

၁၅။ မည်သူမျှ သက်ဆိုင်ရာလုပ်ငန်းအသိအမှတ်ပြုလက်မှတ်မရှိဘဲ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်း သို့မဟုတ် သတင်းအေဂျင်စီလုပ်ငန်း လုပ်ကိုင်ခြင်းမပြုရ။

၁၆။ မည်သူမျှ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်ကို ရုပ်သိမ်းခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းထားခြင်းခံရစဉ်အတွင်း ထုတ်ဝေစာတစ်ခုခုကို ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်း၊ ဖြန့်ချိခြင်း သို့မဟုတ် သတင်းအေဂျင်စီလုပ်ငန်း လုပ်ကိုင်ခြင်းမပြုရ။

၁၇။ မည်သူမျှ ပုဒ်မ ၈ ပါ စည်းကမ်းချက်တစ်ရပ်ရပ်နှင့် ငြိစွန်းသည့် ထုတ်ဝေစာကို ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်း၊ ဖြန့်ချိခြင်း သို့မဟုတ် ပြည်ပမှ တင်သွင်းခြင်းမပြုရ။

၁၈။ မည်သူမျှ ပုဒ်မ ၁၁ ပါ တာဝန်တစ်ရပ်ရပ်ကို ပျက်ကွက်ခြင်း မရှိစေရ။

## အခန်း (၇)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၁၉။ မည်သူမဆို ပုဒ်မ ၁၅ နှင့် ၁၆ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း သက်ဆိုင်ရာတရားရုံးက ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ် ကျပ်သိန်းနှစ်ဆယ်မှ ကျပ်သိန်း ငါးဆယ်အထိ ချမှတ်ရမည်။

၂၀။ မည်သူမဆို ပုဒ်မ ၁၇ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း သက်ဆိုင်ရာ တရားရုံးက ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ် ကျပ်သိန်းတစ်ဆယ်မှ ကျပ်သိန်းသုံးဆယ်အထိ ချမှတ်ရမည်။

၂၁။ မည်သူမဆို ပုဒ်မ ၁၈ ပါ ပြဋ္ဌာန်းချက်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း သက်ဆိုင်ရာ တရားရုံးက ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ်ကျပ်တစ်သိန်းမှ ကျပ်သုံးသိန်းအထိ ချမှတ်ရမည်။

## အခန်း (၈)
## အထွေထွေ

၂၂။ ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သည့်နေ့မှစ၍ တစ်နှစ်အတွင်း လျှောက်ထားခြင်း၊ အရေးယူခြင်း သို့မဟုတ် အမှုစွဲဆိုခြင်း ပြုရမည်။

၂၃။ အောက်ပါထုတ်ဝေစာများသည် ဤဥပဒေ အခန်း (၃)၊ အခန်း (၅) နှင့် အခန်း (၆)၊ ပုဒ်မ ၁၈ ပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ခြင်းမရှိစေရ -

(က) နိုင်ငံတော်၏ မဏ္ဍိုင်သုံးရပ်ဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း

သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဆင့်တို့နှင့် လက်အောက်အဆင့် အသီးသီးရှိဌာန၊ အဖွဲ့အစည်းများက ဖြန့်ချိသော သတ်မှတ်ထုတ်ဝေစာများ၊

(ခ) ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများက ဖြန့်ချိသော သတ်မှတ်ထုတ်ဝေစာများ၊

(ဂ) မှတ်ပုံတင်ထားသည့် နိုင်ငံရေးပါတီများက မိမိရုံးလုပ်ငန်းများ ဆောင်ရွက်ရန် သတ်မှတ်ထုတ်ဝေစာများ၊

(ဃ) လွှတ်တော်ကိုယ်စားလှယ်များက မိမိမဲဆန္ဒနယ်ရှိ ပြည်သူများသို့ ဖြန့်ချိသည့် သတ်မှတ်ထုတ်ဝေစာများ၊

(င) ပြည်တွင်းအခြေစိုက် နိုင်ငံခြားသံရုံးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ နိုင်ငံတော်အစိုးရနှင့် သဘောတူညီချက်တစ်ရပ်ရပ်အရ လုပ်ငန်းဆောင်ရွက်နေသည့် နိုင်ငံတကာအဖွဲ့အစည်းများက မိမိတို့၏ရုံးလုပ်ငန်းများဆောင်ရွက်ရန် သတ်မှတ်ထုတ်ဝေစာများ၊

(စ) တက္ကသိုလ်များ၊ ကောလိပ်များ၊ စာသင်ကျောင်းများ၊ ဘဏ်များ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် လူထုလူတန်းစားအဖွဲ့အစည်းများ၊ ပရဟိတအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများက မိမိတို့၏လုပ်ငန်းများဆောင်ရွက်ရန် သတ်မှတ်ထုတ်ဝေစာများ၊

(ဆ) သာရေး၊ နာရေးနှင့်ပတ်သက်သော ကြော်ငြာ၊ ဖိတ်စာ စသည့် သတ်မှတ်ထုတ်ဝေစာများ။

၂၄။ ၁၉၆၂ ခုနှစ်၊ ပုံနှိပ်သူများနှင့်ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေအရ ထုတ်ပေးထားသည့် မှတ်ပုံတင်သက်သေခံလက်မှတ်၏ သက်တမ်းသည် သတ်မှတ်သည့် ကာလအပိုင်းအခြားအထိ အတည်ဖြစ်စေရမည်။ ယင်းမှတ်ပုံတင်သက်သေခံလက်မှတ်၏ သက်တမ်းကုန်ဆုံးချိန်တွင် မိမိလုပ်ငန်းကို ဆက်လက်ဆောင်ရွက်လိုပါက လုပ်ငန်းအသိအမှတ်ပြုသက်တမ်းတိုးရန် သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၂၅။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် လိုအပ်သောနည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၂၆။ ဤဥပဒေဖြင့် အောက်ပါဥပဒေများကို ရုပ်သိမ်းလိုက်သည် -

(က) The Press (Emergency Powers) Act.

(ခ) ၁၉၆၂ ခုနှစ်၊ ပုံနှိပ်သူများနှင့်ထုတ်ဝေသူများမှတ်ပုံတင်ဥပဒေ။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

| ရန်ကုန်မြို့ | ၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၅ ရက်<br>( ၂၀၁၄ ခုနှစ်၊ ဧပြီလ ၄ ရက် ) | သောကြာနေ့ |
|---|---|---|

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

**လူမှုဝန်ထမ်းဦးစီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၄**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်

( ၂၀၁၄ ခုနှစ်၊ မတ်လ ၆ ရက် )

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေပုဒ်မ ၄၀၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၁။ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေပုဒ်မ ၃၈ အရ လူမှုဝန်ထမ်းဦးစီးဌာနက တည်ဆဲကလေးသူငယ်ဥပဒေအရ မှတ်ပုံတင်အသိအမှတ်ပြုထားသည့် နေ့ကလေးထိန်းဌာနကိုဖြစ်စေ၊ မူလတန်းကြိုကျောင်းများကိုဖြစ်စေ ဆက်လက်၍ တည်ထောင်ဖွင့်လှစ်လိုသူသည် -

(က) ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေပုဒ်မ ၁၇ နှင့် ၁၈ တို့ပါ သတ်မှတ်ချက်များနှင့် ညီညွတ်ရမည်။

(ခ) အဆိုပါသတ်မှတ်ချက်များနှင့် ညီညွတ်ပါက တည်ထောင်ခွင့်ပြုမိန့်ရရှိရန် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသို့ ပူးတွဲပါ ပုံစံ (က) ဖြင့် ပြန်လည်လျှောက်ထားရမည်။

၂။ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေပုဒ်မ ၈ အရ နေ့ကလေးထိန်းဌာနကိုဖြစ်စေ၊ မူလတန်းကြိုကျောင်းကိုဖြစ်စေ တည်ထောင်ဖွင့်လှစ်လိုသည့် ပြည်တွင်းပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းသည် -

(က) ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေပုဒ်မ ၁၇ နှင့် ၁၈ တို့ပါ သတ်မှတ်ချက်များနှင့် ညီညွတ်ရမည်။

(ခ) အဆိုပါသတ်မှတ်ချက်များနှင့် ညီညွတ်ပါက တည်ထောင်ခွင့်ပြုမိန့်ရရှိရန် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသို့ ပူးတွဲပါ ပုံစံ (ခ) ဖြင့် ပြန်လည်လျှောက်ထား ရမည်။

၃။ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေပုဒ်မ ၁၉ အရ ရပ်ရွာ အခြေပြုလုပ်ငန်းကိုဖြစ်စေ၊ အိမ်အခြေပြုလုပ်ငန်းကိုဖြစ်စေ ဆောင်ရွက်လိုသည့် ပြည်တွင်းပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းသည် -

(က) ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေပုဒ်မ ၂၈ ပါ သတ်မှတ်ချက်များနှင့် ညီညွတ်ရမည်။

(ခ) အဆိုပါသတ်မှတ်ချက်များနှင့် ညီညွတ်ပါက ခွင့်ပြုချက်ထုတ်ပေးရန် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသို့ ပူးတွဲပါ ပုံစံ (ဂ) ဖြင့် လျှောက်ထားရမည်။

၄။ အထက်ပါ အပိုဒ် ၁၊ ၂ နှင့် ၃ တို့အရ လျှောက်ထားသူသည် -

(က) ပြည်တွင်းမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းဖြစ်ပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့၏ တည်ထောင်ခွင့်ပြုမိန့် သို့မဟုတ် ခွင့်ပြုချက်ထုတ်ပေးရန် လျှောက်ထားခြင်းဖြစ်ပါက ရုံးခွန်အက်ဥပဒေဇယား-၂၊ အပိုဒ် ၁၊ အပိုဒ်ခွဲ (ဂ) နှင့်အညီ လျှောက်လွှာတွင် ၅၀၀ ကျပ်တန် ရုံးခွန်တံဆိပ်ခေါင်း ထမ်းဆောင်ရမည်။

(ခ) ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းဖြစ်ပြီး လူမှုဝန်ထမ်းဦးစီးဌာနမှတစ်ဆင့် ဗဟိုကြီးကြပ်ရေးအဖွဲ့၏ တည်ထောင်ခွင့်ပြုမိန့် သို့မဟုတ် ခွင့်ပြုချက်ထုတ်ပေးရန် လျှောက်ထားခြင်း ဖြစ်ပါက ရုံးခွန်အက်ဥပဒေဇယား-၂၊ အပိုဒ် ၁၊ အပိုဒ်ခွဲ (ဃ) နှင့်အညီ လျှောက်လွှာတွင် ၁၀၀၀ ကျပ်တန် ရုံးခွန်တံဆိပ်ခေါင်း ထမ်းဆောင်ရမည်။

(ဂ) နေ့ကလေးထိန်းဌာန သို့မဟုတ် မူလတန်းကြိုကျောင်း တည်ထောင်ခွင့်ပြုမိန့် ထုတ်ပေးသည့်အခါ သတ်မှတ်ထားသော မှတ်ပုံတင်ကြေးကိုလည်းကောင်း၊ ရပ်ရွာအခြေပြုလုပ်ငန်း သို့မဟုတ် အိမ်အခြေပြုလုပ်ငန်းအတွက် ခွင့်ပြုချက်ထုတ်ပေးသည့်အခါ သတ်မှတ်ထားသော နှစ်စဉ်ကြေးကို လည်းကောင်း ပေးသွင်းရမည်။

၅။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်းဦးစီးမှူးသည် အထက်ပါ အပိုဒ် ၁၊ ၂ နှင့် ၃ တို့အရ လျှောက်ထားချက်အသီးသီးကို စိစစ်ပြီး သဘောထားမှတ်ချက်နှင့်အတူ တည်ထောင် ခွင့်ပြုမိန့် သို့မဟုတ် ခွင့်ပြုချက်ထုတ်ပေးရန်အတွက် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ ဆက်လက်၍ တင်ပြဆောင်ရွက်ရမည်။

စိုးကြည်၊
ညွှန်ကြားရေးမှူးချုပ်၊
လူမှုဝန်ထမ်းဦးစီးဌာန။

ပုံစံ (က)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်
ဖွံ့ဖြိုးရေးလုပ်ငန်း ဗဟိုကြီးကြပ်ရေးအဖွဲ့

**နေ့ကလေးထိန်းဌာန/မူလတန်းကြိုကျောင်းကို တည်ထောင်**
**ခွင့်ပြုမိန့်ထုတ်ပေးရန် လျှောက်လွှာ**

သို့

. . . . . . . . . . တိုင်းဒေသကြီး/ပြည်နယ်လူမှုဝန်ထမ်းဦးစီးမှူး
. . . . . . . . . . တိုင်းဒေသကြီး/ပြည်နယ်လူမှုဝန်ထမ်းရုံး
. . . . . . . . . . မြို့

အကြောင်းအရာ။ **နေ့ကလေးထိန်းဌာန/မူလတန်းကြိုကျောင်း တည်ထောင်ခွင့်ပြုမိန့်ထုတ်ပေးရန် လျှောက်ထားခြင်း။**

လျှောက်ထားသူသည် နေ့ကလေးထိန်းဌာန သို့မဟုတ် မူလတန်းကြိုကျောင်းကို ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေပုဒ်မ ၈ အရ တည်ထောင်ဖွင့်လှစ်လိုပါသဖြင့် တည်ထောင်ခွင့်ပြုမိန့်ထုတ်ပေးပါရန် အောက်ပါအချက်များ ဖော်ပြ၍ လျှောက်ထားအပ်ပါသည် -

၁။ လျှောက်ထားသူ အမည်နှင့်ရာထူးတာဝန် . . . . . . . . . . . . . . . . . . . . . . . . . . . . . .

(က) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် . . . . . . . . . . . . . . . . . . . . . . . . . . . . . .

(ခ) နိုင်ငံသား . . . . . . . . . . . . . . . ၊ ပတ်စ်ပို့/ဗီဇာအမှတ် . . . . . . . . . . . . . . . . . . . ၊ ထုတ်ပေးသည့် ရက်စွဲနှင့် နိုင်ငံ . . . . . . . . . . . . . . . . . . . . . . . . . . . . . .

(ဂ) နေရပ်လိပ်စာ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

(ဃ) ဆက်သွယ်ရန် ဖုန်း/ဖက်စ်အမှတ်/အီးမေးလ်လိပ်စာ . . . . . . . . . . . . . . . . . . .

၂။ လျှောက်ထားသည့် ကုမ္ပဏီ/အဖွဲ့အစည်း အမည် . . . . . . . . . . . . . . . . . . . . . . . . . ၊ မှတ်ပုံတင်အမှတ် . . . . . . . . . . . . . ၊ မှတ်ပုံတင် ရက်စွဲ . . . . . . . . . . . . ၊ မှတ်ပုံတင် သက်တမ်း . . . . . . . . . . . ၊ မှတ်ပုံတင်ထုတ်ပေးသည့်နိုင်ငံ . . . . . . . . . . . . . . . . . . . .

၃။ တည်ဆဲကလေးသူငယ်ဥပဒေအရ လူမှုဝန်ထမ်းဦးစီးဌာနက မှတ်ပုံတင်အသိအမှတ်ပြုခဲ့သည့် ရက်စွဲ . . . . . . . . . . . . . ၊ စာအမှတ် . . . . . . . . . . . . . . . . . . . . . . . . . . . . .

၄။ တည်ထောင်ဖွင့်လှစ်လိုသည့် နေ့ကလေးထိန်းဌာန/မူလတန်းကြိုကျောင်းအမည် . . . . . . . . . . . . . . . . . . . . . . . ၊ တည်နေရာလိပ်စာ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၊ ဆက်သွယ်ရန် ဖုန်း/ဖက်စ်အမှတ်/ အီးမေးလ်လိပ်စာ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

၅။ နေ့ကလေးထိန်းဌာန/မူလတန်းကြိုကျောင်း အမျိုးအစား . . . . . . . . . . . . . . . . . . . . .

၆။ ရှေးဦးအရွယ်ကလေးသူငယ်ကျောင်းသား ခန့်မှန်းဦးရေ . . . . . . . . . . . . . . . . . . . . . .

၇။ တည်ထောင်ဖွင့်လှစ်လိုသည့် ရည်ရွယ်ချက် . . . . . . . . . . . . . . . . . . . . . . . . . . . . ၊ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . (နောက်ဆက်တွဲဖြင့်ပူးတွဲဖော်ပြနိုင်သည်။)

၈။ ဝန်ထမ်းဦးရေ . . . . . . . . ၊ ကျား . . . . . . ၊ မ . . . . . . ၊ စုစုပေါင်း . . . . . . . . . . . . . ၊ (ဝန်ထမ်းများ၏ အမည်၊ အရည်အချင်းနှင့် တာဝန်တို့ကို နောက်ဆက်တွဲဖြင့် အသေးစိတ်ဖော်ပြရမည်။)

၉။ ဌာန/ကျောင်း၏ တာဝန်ခံ ကျောင်းအုပ်အမည်နှင့် အရည်အချင်း . . . . . . . . . . . . . . . .

၁၀။ ဌာန/ကျောင်းပိုင်ပစ္စည်းအခြေအနေ . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

လက်မှတ် . . . . . . . . . . . . . . . . . . .

အမည် . . . . . . . . . . . . . . . . . . .

ရာထူးတာဝန် . . . . . . . . . . . . . . . . . . .

ရက်စွဲ၊ . . . . . . . . . . . . . . . . . . . . ။

ပုံစံ (ခ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်
ဖွံ့ဖြိုးရေးလုပ်ငန်း ဗဟိုကြီးကြပ်ရေးအဖွဲ့

**နေ့ကလေးထိန်းဌာန/မူလတန်းကြိုကျောင်းကို တည်ထောင်**
**ခွင့်ပြုမိန့် ထုတ်ပေးရန် လျှောက်လွှာ**

သို့

. . . . . . . . . . တိုင်းဒေသကြီး/ပြည်နယ်လူမှုဝန်ထမ်းဦးစီးမှူး
. . . . . . . . . . တိုင်းဒေသကြီး/ပြည်နယ်လူမှုဝန်ထမ်းရုံး
. . . . . . . . . . မြို့

အကြောင်းအရာ။ **နေ့ကလေးထိန်းဌာန/မူလတန်းကြိုကျောင်း တည်ထောင်ခွင့်ပြုမိန့်ထုတ်ပေးရန် လျှောက်ထားခြင်း။**

လျှောက်ထားသူသည် နေ့ကလေးထိန်းဌာန သို့မဟုတ် မူလတန်းကြိုကျောင်းကို ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေပုဒ်မ ၈ အရ တည်ထောင်ဖွင့်လှစ်လိုပါသဖြင့် တည်ထောင်ခွင့်ပြုမိန့်ထုတ်ပေးပါရန် အောက်ပါအချက်များဖော်ပြ၍ လျှောက်ထားအပ်ပါသည် -

၁။ လျှောက်ထားသူ အမည်နှင့်ရာထူးတာဝန် . . . . . . . . . . . . . . . . . . . . . . . . . . . . . .

(က) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် . . . . . . . . . . . . . . . . . . . . . . . . . . . . . .

(ခ) နိုင်ငံသား . . . . . . . . . . . . . . . ၊ ပတ်စ်ပို့/ဗီဇာအမှတ် . . . . . . . . . . . . . . . . . . . ၊
ထုတ်ပေးသည့် ရက်စွဲနှင့် နိုင်ငံ . . . . . . . . . . . . . . . . . . . . . . . . . . . . . .

(ဂ) နေရပ်လိပ်စာ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

(ဃ) ဆက်သွယ်ရန် ဖုန်း/ဖက်စ်အမှတ်/အီးမေးလ်လိပ်စာ . . . . . . . . . . . . . . . . . .

၂။ လျှောက်ထားသည့် ကုမ္ပဏီ/အဖွဲ့အစည်း အမည် . . . . . . . . . . . . . . . . . . . . . . . . . . ၊
မှတ်ပုံတင်အမှတ် . . . . . . . . . . . . . ၊ မှတ်ပုံတင် ရက်စွဲ . . . . . . . . . . . . ၊ မှတ်ပုံတင် သက်တမ်း . . . . . . . . . . ၊ မှတ်ပုံတင်ထုတ်ပေးသည့်နိုင်ငံ . . . . . . . . . . . . . . . . . . .

၃။ တည်ထောင်ဖွင့်လှစ်လိုသည့် နေ့ကလေးထိန်းဌာန/မူလတန်းကြိုကျောင်းအမည် ..........................၊ တည်နေရာလိပ်စာ ...............................................................၊ ဆက်သွယ်ရန် ဖုန်း/ဖက်စ်အမှတ်/အီးမေးလ်လိပ်စာ ...................................

၄။ နေ့ကလေးထိန်းဌာန/မူလတန်းကြိုကျောင်း အမျိုးအစား ......................

၅။ ရှေးဦးအရွယ်ကလေးသူငယ်ကျောင်းသား ခန့်မှန်းဦးရေ ......................

၆။ တည်ထောင်ဖွင့်လှစ်လိုသည့် ရည်ရွယ်ချက် ..............................၊ ............................................................................................(နောက်ဆက်တွဲဖြင့်ပူးတွဲဖော်ပြနိုင်သည်။)

၇။ ဝန်ထမ်းဦးရေ .........၊ ကျား ......၊ မ ......၊ စုစုပေါင်း ..............၊ ဝန်ထမ်းများ၏ အမည်၊ အရည်အချင်း၊ တာဝန် (နောက်ဆက်တွဲဖြင့် အသေးစိတ်ဖော်ပြရန်)

၈။ ဌာန/ကျောင်း၏ တာဝန်ခံ ကျောင်းအုပ်အမည်နှင့် အရည်အချင်း ................

၉။ ဌာန/ကျောင်းပိုင်ပစ္စည်းအခြေအနေ ..................................

| | |
|---|---|
| လက်မှတ် | .................... |
| အမည် | .................... |
| ရာထူးတာဝန် | .................... |

ရက်စွဲ၊ .....................။

ပုံစံ (ဂ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်
ဖွံ့ဖြိုးရေးလုပ်ငန်း ဗဟိုကြီးကြပ်ရေးအဖွဲ့

**ရပ်ရွာအခြေပြုလုပ်ငန်း/အိမ်အခြေပြုလုပ်ငန်း**
**ဆောင်ရွက်ခွင့်ပြုရန် လျှောက်လွှာ**

သို့

. . . . . . . . . . တိုင်းဒေသကြီး/ပြည်နယ်လူမှုဝန်ထမ်းဦးစီးမှူး
. . . . . . . . . . တိုင်းဒေသကြီး/ပြည်နယ်လူမှုဝန်ထမ်းရုံး
. . . . . . . . . . မြို့

အကြောင်းအရာ။ **ရပ်ရွာအခြေပြုလုပ်ငန်း/အိမ်အခြေပြုလုပ်ငန်းဆောင်ရွက်ခွင့်ပြုရန် လျှောက်ထားခြင်း။**

လျှောက်ထားသူသည် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေ ပုဒ်မ ၁၉ အရ ရပ်ရွာအခြေပြုလုပ်ငန်း သို့မဟုတ် အိမ်အခြေပြုလုပ်ငန်းကို ဆောင်ရွက်လိုပါသဖြင့် ခွင့်ပြုချက်ထုတ်ပေးပါရန် အောက်ပါအချက်များဖော်ပြ၍ လျှောက်ထားအပ်ပါသည် -

၁။ လျှောက်ထားသူ အမည်နှင့်ရာထူးတာဝန် . . . . . . . . . . . . . . . . . . . . . . . . . . . . . .

(က) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် . . . . . . . . . . . . . . . . . . . . . . . . . . . . .

(ခ) နိုင်ငံသား . . . . . . . . . . . . . . .၊ ပတ်စ်ပို့/ဗီဇာအမှတ် . . . . . . . . . . . . . . . . . . .၊
ထုတ်ပေးသည့် ရက်စွဲနှင့် နိုင်ငံ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

(ဂ) နေရပ်လိပ်စာ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

(ဃ) ဆက်သွယ်ရန် ဖုန်း/ဖက်စ်အမှတ်/အီးမေးလ်လိပ်စာ . . . . . . . . . . . . . . . . . . . . .
. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

၂။ လျှောက်ထားသည့် ကုမ္ပဏီ/အဖွဲ့အစည်း အမည် . . . . . . . . . . . . . . . . . . . . . . . . . .၊
မှတ်ပုံတင်အမှတ် . . . . . . . . . . . . . .၊ မှတ်ပုံတင် ရက်စွဲ . . . . . . . . . . . . .၊ မှတ်ပုံတင်
သက်တမ်း . . . . . . . . . . .၊ မှတ်ပုံတင်ထုတ်ပေးသည့်နိုင်ငံ . . . . . . . . . . . . . . . . . . . .

၃။ ဆောင်ရွက်လိုသည့် ရပ်ရွာအခြေပြုလုပ်ငန်း/အိမ်အခြေပြုလုပ်ငန်းအမည် .........
..........................။ အခြေပြုလုပ်ငန်းတည်နေရာ..........
.................................................
.................................................
....။ ဆက်သွယ်ရန် ဖုန်း/ဖက်စ်အမှတ်/ အီးမေးလ်လိပ်စာ .................
.................................................

၄။ ရပ်ရွာအခြေပြုလုပ်ငန်း/အိမ်အခြေပြုလုပ်ငန်း အမျိုးအစား .....................
.................................................

၅။ ရပ်ရွာအခြေပြုလုပ်ငန်း/အိမ်အခြေပြုလုပ်ငန်းတွင် ဘက်စုံဖွံ့ဖြိုးရေးဆောင်ရွက်မည့် ရှေးဦးအရွယ်ကလေးသူငယ် ခန့်မှန်းဦးရေ ...................................

၆။ ရပ်ရွာအခြေပြုလုပ်ငန်း/အိမ်အခြေပြုလုပ်ငန်း ဆောင်ရွက်မည့် ရည်ရွယ်ချက် ........
.................................................
.................................................
..........................(နောက်ဆက်တွဲဖြင့်ပူးတွဲဖော်ပြနိုင်သည်။)

၇။ ဝန်ထမ်းဦးရေ ........။ ကျား ......။ မ .....။ စုစုပေါင်း .............။
ဝန်ထမ်းများ၏ အမည်၊ အရည်အချင်း၊ တာဝန် (နောက်ဆက်တွဲဖြင့် အသေးစိတ်ဖော်ပြရန်)

၈။ တာဝန်ခံ ဆောင်ရွက်သူအမည်နှင့် အရည်အချင်း ........................
.................................................

၉။ ရပ်ရွာအခြေပြုလုပ်ငန်း/အိမ်အခြေပြုလုပ်ငန်း ဆောင်ရွက်မည့် နေရာ/အိမ်မှာ သပ်ရပ်လုံခြုံမှု၊ သန့်ရှင်းမှု အခြေအနေ .......................................
.................................................
.................................................
.................................................

လက်မှတ် ..................

အမည် ..................

ရာထူးတာဝန် ..................

ရက်စွဲ၊ ....................။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း


| | | |
|---|---|---|
| ရန်ကုန်မြို့ | ၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၅ ရက်<br>( ၂၀၁၄ ခုနှစ်၊ ဧပြီလ ၄ ရက် ) | သောကြာနေ့ |

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၄

### SUPER TIME COMPANY LIMITED

ဖျက်သိမ်းရန် ကြေညာချက်

၁။ **SUPER TIME COMPANY LIMITED** ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက် ဖျက်သိမ်းရန် (၃-၄-၂၀၁၄) နေ့က ကုမ္ပဏီရုံးတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေ အစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ်-၁၈၁/၁၈၃၊ အခန်းအမှတ်-၃၀၃၊ ၄-လွှာ၊ ၃၄-လမ်း (အထက်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်ချိုချိုမြင့် B.Com (Q), C.P.A, Dip in Business Law (စာရင်းစစ်)၊ ၈/ခမန (နိုင်) ၀၀၆၅၇၆ အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့်ရရန်ရှိသည်များကို (၁) လအတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| ဦးကိုကိုနိုင် | ဒေါ်ချိုချိုမြင့် |
| မန်နေးဂျင်းဒါရိုက်တာ | စာရင်းစစ် |
| SUPER TIME COMPANY LIMITED | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |

## SHWE MYIT WAR COMPANY LIMITED ၏

အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် ဖျက်သိမ်းရန်ကြေညာချက်

၁။ **SHWE MYIT WAR COMPANY LIMITED** ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက် ဖျက်သိမ်းရန် (၃-၄-၂၀၁၄) နေ့က ကုမ္ပဏီရုံးတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေ အစည်းအဝေးမှ အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ် (၅၂)၊ အိုးဘိုလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးမြိုင် [၁၂/ကမတ (နိုင်) ၀၁၈၈၆၇] အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီမှ ပေးရန်နှင့်ရရန်ရှိသည်များကို တစ်လအတွင်း ဦးမြိုင် [B.Com (A.A), C.P.A] ထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဒေါ်နန်းမြန်း (ခ) ရီရီခင်
မန်နေးဂျင်းဒါရိုက်တာ
ရွှေမြစ်ဝ ကုမ္ပဏီလီမိတက်

ဦးမြိုင်
[B.Com (A.A), C.P.A]
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖုန်း - ၅၁၃၅၆၁

## WIN CHERRY AUTO SERVICES CO., LTD

ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၈-င အရ ဖျက်သိမ်းဆဲ **WIN CHERRY AUTO SERVICES CO., LTD** ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ အစုရှင်များ၏ သဘောတူညီချက်ကို ရရှိရန်ရှိသဖြင့် အစုရှင်အားလုံး တက်ရောက်ကြရန် ဖိတ်ကြားအပ်ပါသည် -

| | | |
|---|---|---|
| အစည်းအဝေးကျင်းပမည့်နေ့ | - | ၅-၅-၂၀၁၄ |
| အစည်းအဝေးကျင်းပမည့်အချိန် | - | (၀၉း၃၀) နာရီ |
| အစည်းအဝေးကျင်းပမည့်နေရာ | - | အမှတ်-၁၄၁/၁၄၅၊ ၄-လွှာ၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ |

ဒေါ်အေးသီတာ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## SHAUK HO FAMILY MANUFACTURING CO., LTD

ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၈-c အရ ဖျက်သိမ်းဆဲ **SHAUK HO FAMILY MANUFACTURING CO., LTD** ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ အစုရှင်များ၏ သဘောတူညီချက်ကို ရရှိရန်ရှိသဖြင့် အစုရှင်အားလုံး တက်ရောက်ကြရန် ဖိတ်ကြားအပ်ပါသည် -

| | | |
|---|---|---|
| အစည်းအဝေးကျင်းပမည့်နေ့ | - | ၅-၅-၂၀၁၄ |
| အစည်းအဝေးကျင်းပမည့်အချိန် | - | (၁၀း၃၀) နာရီ |
| အစည်းအဝေးကျင်းပမည့်နေရာ | - | အမှတ်-၁၄၁/၁၄၅၊ ၄-လွှာ၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ |

ဒေါ်အေးသီတာ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## SHAUK HO FAMILY TRADING CO., LTD

ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၈-c အရ ဖျက်သိမ်းဆဲ **SHAUK HO FAMILY TRADING CO., LTD** ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ အစုရှင်များ၏ သဘောတူညီချက်ကို ရရှိရန်ရှိသဖြင့် အစုရှင်အားလုံး တက်ရောက်ကြရန် ဖိတ်ကြားအပ်ပါသည် -

| | | |
|---|---|---|
| အစည်းအဝေးကျင်းပမည့်နေ့ | - | ၅-၅-၂၀၁၄ |
| အစည်းအဝေးကျင်းပမည့်အချိန် | - | (၁၁း၃၀) နာရီ |
| အစည်းအဝေးကျင်းပမည့်နေရာ | - | အမှတ်-၁၄၁/၁၄၅၊ ၄-လွှာ၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ |

ဒေါ်အေးသီတာ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**NAGAR NI TRADING COMPANY LIMITED**

ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၈-c အရ ဖျက်သိမ်းဆဲ **NAGAR NI TRADING COMPANY LIMITED** ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ အစုရှင်များ၏ သဘောတူညီချက်ကို ရရှိရန်ရှိသဖြင့် အစုရှင်အားလုံး တက်ရောက်ကြရန် ဖိတ်ကြားအပ်ပါသည် -

| | | |
|---|---|---|
| အစည်းအဝေးကျင်းပမည့်နေ့ | - | ၅-၅-၂၀၁၄ |
| အစည်းအဝေးကျင်းပမည့်အချိန် | - | (၀၁း၀၀) နာရီ |
| အစည်းအဝေးကျင်းပမည့်နေရာ | - | အမှတ်-၁၄၁/၁၄၅၊ ၄-လွှာ၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ |

ဒေါ်အေးသီတာ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**NAGAR NI GEMS COMPANY LIMITED**

ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၈-c အရ ဖျက်သိမ်းဆဲ **NAGAR NI GEMS COMPANY LIMITED** ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ အစုရှင်များ၏ သဘောတူညီချက်ကို ရရှိရန်ရှိသဖြင့် အစုရှင်အားလုံး တက်ရောက်ကြရန် ဖိတ်ကြားအပ်ပါသည် -

| | | |
|---|---|---|
| အစည်းအဝေးကျင်းပမည့်နေ့ | - | ၅-၅-၂၀၁၄ |
| အစည်းအဝေးကျင်းပမည့်အချိန် | - | (၀၂း၀၀) နာရီ |
| အစည်းအဝေးကျင်းပမည့်နေရာ | - | အမှတ်-၁၄၁/၁၄၅၊ ၄-လွှာ၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ |

ဒေါ်အေးသီတာ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

ပ၊ စ၊ လ - အမှတ် ၇၀၀/၁၃/ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း/စောင်ရေ - ၂၁၅၅/၄-၄-၂၀၁၄။